NYAN LYNN THIT ANALYTICA

ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ ထုတ်ဝေသည်။







# အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းအသုံးပြု

## သတ်ဖြတ်မှုများ နှင့် နိုင်ငံတကာရပ်တည်ချက်

မေ ၂၀၂၃

ညာဏ်လင်းသစ်သုတေသနအဖွဲ့သည် နိုင်ငံရေးနှင့် လူမှုဖြစ်စဉ်များကို စဉ်ဆက်မပြတ်စောင့်ကြည့် လေ့လာနေသော အရပ်ဘက်သုတေသနအဖွဲ့ အစည်းတခုဖြစ်သည်။

NLTA

NYAN LYNN THIT ANALYTICA

မေလ ၊ ၂၀၂၃

# မာတိကာ


အမှာစာ ၂
၁။ နိဒါန်း ၄
၂။ သုတေသနနည်းနာ ၉
၃။ လေတပ်အင်အားကို တိုးမြှင့်အသုံးပြုခြင်း ၁၀
၄။ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း ၁၆
၅။ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ ၁၉
၅.၁ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ (၂၀၂၁) ၂၂
၅.၂ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ (၂၀၂၂) ၂၄
၅.၃ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ (၂၀၂၃) ၂၉
၆။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို တုံ့ပြန်ရန် ကြိုးပမ်းခြင်း ၃၃
၆.၁ လေယာဉ်ပျံသန်းမှုကင်းမဲ့ဇုန် ၃၃
၆.၂ လေယာဉ်ဆီတင်ပို့မှု ရပ်ဆိုင်းခြင်း ၃၄
၇။ စစ်အုပ်စု၏ လေကြောင်းအသုံးပြုသတ်ဖြတ်မှုများနှင့် နိုင်ငံတကာရပ်တည်ချက် ၃၆
၈။ နိဂုံး ၄၁
၉။ အတိုကောက်စကားလုံးများ ၄၄
၁၀။ ရည်ညွှန်းအကိုးအကား ၄၅
၁၁။ ကျမ်းကိုးစာရင်း ၄၆

# အမှာစာ

စစ်အုပ်စုသည် အရပ်သားများနှင့် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများအပေါ် ရက်စက်ကြမ်းကြုတ်သည့် စစ်ရေးဗျူဟာများကို သမိုင်းတလျှောက် ကျင့်သုံးခဲ့ပြီး ယနေ့ခေတ်ကာလအထိလည်း ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်သည်။ ထို့နောက် ၂၀၂၁ ခုနှစ်တွင် စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့ပြီးနောက် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ဆန္ဒပြမှုများ၊ လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုများ နိုင်ငံတဝှမ်းတွင် ပေါ်ပေါက်လာခဲ့ခြင်းနှင့်အတူ အညာဒေသသည် လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုနယ်မြေသစ်တခုအဖြစ် ပေါ်ပေါက်လာခဲ့သည်။ စစ်အုပ်စုသည် လူထုလှုပ်ရှားမှုများနှင့် လက်နက်ကိုင်တော်လှန်ရေးများကို ဖိနှိပ်ရာတွင် သာလွန်အင်အားအသုံးပြု၍ နေရာအနှံ့ တပ်ဖြန့်ခြင်းနှင့်အတူ ရက်စက်ကြမ်းကြုတ်သည့် စစ်ရေးဗျူဟာများ၊ စစ်ဆင်ရေးနည်းနာများဖြင့် တုံ့ပြန်ခြင်း၊ ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်သည်ဟု သံသယရှိသူများကို တရားလက်လွတ်ဖမ်းဆီးခြင်း၊ အသက်ဆုံးရှုံးသည်အထိ ညှင်းပန်းနှိပ်စက်ခြင်း၊ သေဒဏ်ချမှတ်ခြင်းနှင့် မိသားစုဝင်များအားဖမ်းဆီးခြိမ်းခြောက်ခြင်းတို့ကို ပြောင်ပြောင်တင်းတင်းကျူးလွန်လေ့ရှိသည်။ အကြမ်းဖက်စစ်အုပ်စုသည် သမိုင်းအစဉ်အဆက်တလျှောက် ၎င်းတို့၏ အာဏာတည်မြဲရေးအတွက် လူ့အသက်များကို တန်ဖိုးထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ရန် တွန့်ဆုတ်မှုမရှိသည်ကို ကျူးလွန်ခဲ့ပြီးသော ဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။

စစ်အုပ်စုမှ ရှေ့တန်းစစ်မြေပြင်တွင် သာလွန်အင်အားအသုံးပြုတိုက်ခိုက်ခြင်း၊ အစုလိုက်အပြုံလိုက်သေစေနိုင်သော စစ်လက်နက်ကြီးများကို အဓိကအသုံးပြုခြင်းအားဖြင့် ၎င်းတို့၏ အာဏာတည်မြဲရေးအတွက် ပိုပိုဆိုးဝါးပြင်းထန်သည့် အကြမ်းဖက်မှုများကို ကျူးလွန်ရန်အသင့်ရှိသည်ဟု ယူဆနိုင်သည်။ ထို့အပြင် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် စစ်အသုံးစရိတ်ကို ထပ်မံတိုးမြှင့်ခဲ့ပြီး ခေတ်မီစစ်လက်နက်များနှင့် နည်းပညာများဝယ်ယူသုံးစွဲရန် ပြင်ဆင်လျက်ရှိသည်။ အဓိကအားဖြင့် လေယာဉ်နှင့်ဆက်စပ်ပစ္စည်းများဝယ်ယူ၍ တော်လှန်ရေးအင်အားစုများကို ချေမှုန်းရာတွင် အသာစီးရရန်ကြိုးပမ်းလျက်ရှိသည်။ စစ်လက်နက်ပစ္စည်းများကို ဝယ်ယူရာတွင် စစ်အုပ်စု၏ မိတ်ဖက်နိုင်ငံများဖြစ်ကြသည့် ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံများမှ ထုတ်လုပ်လျက်ရှိသည့် စစ်လက်နက်နှင့် တိုက်လေယာဉ်များကို အဓိကထားဝယ်ယူလျက်ရှိသည်။

ဤအစီရင်ခံစာတွင်

**(၁)** စစ်အုပ်စုသည် တော်လှန်ရေးအင်အားစုများကို ချေမှုန်းရာတွင် လေကြောင်းမှတဆင့် အရပ်သားများကို အဓိကပစ်မှတ်ထားတိုက်ခိုက်သည့် စစ်ရေးနည်းဗျူဟာအသုံးပြုခြင်း၊

**(၂)** စစ်အုပ်စု၏ လေတပ်အင်အားဖြည့်တင်းနိုင်ရန်နှင့် လိုအပ်သည့် လက်နက်ခဲယမ်း တပ်ဆင်မှုကို ပြုလုပ်နိုင်ရန် ၎င်းတို့၏ မိတ်ဖက်များနှင့် နိုင်ငံတကာမှအထောက်အပံ့ပေး လျက်ရှိသည့် အခြေအနေများ၊

**(၃)** စစ်အုပ်စု၏ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် နိုင်ငံတကာ၏ ရှင်းလင်းတိကျမှုမရှိသည့် ရပ်တည်ချက်များ စသည့်အကြောင်းအရာများကို အခြေခံကာ နွေဦးတော်လှန်ရေးတွင် အကြမ်းဖက်စစ်အုပ်စုမှ အသုံးပြုလျက်ရှိသည့် နည်းဗျူဟာများန င့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်သည်။

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံတဝန်း ကြုံတွေ့ရင်ဆိုင်နေရသည့် လူ့အခွင့်အရေးချိုး ဖောက်ခံရမှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့်ပတ် သတ်၍ တရားမျှတမှုဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအသိုင်းအဝန်း၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် လုပ်ဆောင်ပေးရန်လိုအပ်သည့် တာဝန်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။

ဤအစီရင်ခံစာသည် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ၊ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာ၏ ရပ်တည်ချက်သဘောထား၊ မူဝါဒနှင့် လုပ်ဆောင်ချက်များကို စောင့်ကြည့် လေ့လာသည့် ကနဦးအစီရင်ခံစာဖြစ်သည်။ ဉာဏ်လင်းသစ်သုတေသနအဖွဲ့ အနေဖြင့် စစ်အုပ်စု၏ အကြမ်းဖက်မှုများနှင့်ပတ်သတ်၍ နိုင်ငံတကာရပ်တည်ချက် သဘောထားများကို စောင့်ကြည့်ပြီး အစီရင်ခံစာများ ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်သည်။

# ၁။ နိဒါန်း

၁၉၄၈ခုနှစ် လွတ်လပ်ရေးရယူပြီးသည့်ကာလမှအစပြု၍ ပြည်သူလူထုအနေဖြင့် မတည်ငြိမ်သည့် နိုင်ငံရေးအခင်းအကျင်း၊ ဖိနှိပ်ချုပ်ချယ်မှုကြီးမားသည့် စစ်အာဏာရှင်စနစ်၊ စစ်အုပ်စုနှင့် လူမျိုးစုတော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများကို ဆယ်စုနှစ်များစွာရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ပြည်သူလူထုအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ လူမှုဘဝနှင့် စီးပွားရေးချွတ်ခြုံကျမှုများအပါအဝင် တရားလက်လွတ်သတ်ဖြတ်ခံရခြင်းနှင့် စစ်အုပ်စုမှကျူးလွန်သည့် စစ်ရာဇဝတ်မှုများကို နှစ်ပေါင်းများစွာ ခံစားရလျက် ရှိသည်။ ၂၀၂၁ နွေဦးတော်လှန်ရေးမတိုင်ခင်ကာလ ကချင်၊ ရှမ်း၊ ကရင်နှင့် ရခိုင်ကဲ့သို့သော နယ်စပ်ဒေသများတွင် စစ်အုပ်စုမှကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများကို မှတ်တမ်းတင်ထားသော ခိုင်လုံသည့်အထောက်အထားများစွာ ရှိပါသည်။ စစ်အုပ်စုသည် လက်နက်ကြီးများ၊ မြေမြှုပ်မိုင်းများအသုံးပြုခြင်းနှင့် လေကြောင်းတိုက်ခိုက်စစ်ဆင်ရေးတို့ကို သာမန်အရပ်သားများနေထိုင်ရာဝန်းကျင်များတွင်ပါ လုပ်ဆောင်သည့်အတွက် အရပ်သားများစွာ ထိခိုက်သေဆုံးခဲ့ရသည်။ စစ်အုပ်စုသည် ဝိုင်းပတ်ခြေမှုန်းရေးနည်းဗျူဟာဖြင့် အရပ်သားများ၏ ကျေးရွာ၊ ရပ်ကွက်၊ နေအိမ်များကို လေကြောင်းမှတဆင့် တိုက်ခိုက်ခြင်း၊ မီးရှို့ခြင်း၊ အရပ်သားများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ လူသားဒိုင်းများအဖြစ် အသုံးပြုခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို အဓမ္မပြုကျင့်ခြင်း (မုဒိမ်းကျင့်ခြင်း)နှင့် လူမျိုးစုများ၏ သမိုင်းဝင်ယဉ်ကျေးမှုအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်းတို့ကို တုံ့ဆိုင်းမှုမရှိ ကျူးလွန်ခဲ့သည်မှာ ဆယ်စုနှစ်များစွာရှိပြီဖြစ်သည်။ **Internally Displaced Monitoring Center** ၏ ဖော်ပြချက်အရ ၂၀၂၀ ခုနှစ်တွင် စစ်ပွဲများကြောင့် နိုင်ငံတဝှမ်းလုံးတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရမှု ၇၀,၄၀၀ ဝန်းကျင်ရှိပြီး နေရပ်စွန့်ခွာထွက်ပြေးရသူအရေအတွက်မှာ ๅ၀ๅ,၄၀၀ ဦးထိရှိခဲ့သည်။

## ၂၀၂၁ နွေဦးတော်လှန်ရေး

စစ်အုပ်စုမှ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို လျစ်လျူရှု၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် “အရေးပေါ်အခြေအနေ” ကြေညာခဲ့ပြီး စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ ပြည်သူများ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးမျှော်လင့်ချက်များ ကျိုးပျက်ခဲ့ရပြီး စစ်အုပ်စု၏ စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုကို ပြည်သူလူထုတရပ်လုံးက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ နိုင်ငံတဝန်းလမ်းမများပေါ်တွင် ဆန္ဒပြပြည်သူများဖြင့် ပြည့်လျှံနေသည့် စစ်အာဏာရှင်ဆန့်ကျင်ရေးသပိတ်မှောက်လှုပ်ရှားမှုများဖြင့် တုံ့ပြန်ခဲ့ကြသည်။

စစ်အုပ်စုသည် သမိုင်းအစဉ်အဆက်ဒီမိုကရေစီအရေးနှင့် စစ်အာဏာရှင်ဆန့်ကျင်လှုပ်ရှားမှုများကို အကြမ်းဖက်နှိမ်နင်းခြင်း၊ ပစ်ခတ်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများဖြင့် တုံ့ပြန့်ခဲ့သကဲ့သို့ နွေဦးတော်လှန်ရေးလှုပ်ရှားမှုကိုလည်း အဆိုပါနည်းလမ်းများဖြင့်ပင် တုံ့ပြန်ခဲ့သဖြင့် အရပ်သားပြည်သူများစွာသေဆုံးခဲ့ရသည်။ ငြိမ်းချမ်းစွာဆန္ဒပြမှုများကို စစ်အုပ်စုကပစ်ခတ် ဖြိုခွင်းမှုကြောင့် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများနှင့် အရပ်သားများ အပါအဝင် စုစုပေါင်း ၃၂၂၉ ဦး ကျဆုံးခဲ့ရသည်။ **(AAPP, 2023)**

စစ်အုပ်စုနှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများ အကြမ်းဖက်ဖြိုခွင်း သတ်ဖြတ်ခြင်းခံခဲ့ရသည့်အတွက် နွေဦးတော်လှန်ရေးသည် လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုအဖြစ် ပြောင်းလဲလာခဲ့သည်။ လွတ်လပ်ရေးအလွန်ကာလမှစ၍ တော်လှန်ရေးလုပ်ဆောင်လျက်ရှိသည့် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ၊ နွေဦးတော်လှန်ရေးမှ ပေါက်ဖွားလာသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ(ပကဖ)နှင့် တော်လှန်ရေးအဖွဲ့အစည်းများပူးပေါင်း၍ စစ်အုပ်စုနှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်သည့် အခင်းအကျင်းသစ်ကို ကူးပြောင်းခဲ့ပြီဖြစ်သည်။ ကျေးလက်/မြို့ပြမကျန် နိုင်ငံအဝန်းတွင် မြို့ပြပျောက်ကြားလှုပ်ရှားမှုများနှင့် လက်နက်ကိုင်တိုက်ပွဲဖော်ဆောင်မှုများ အားကောင်းစွာ ပေါ်ပေါက်လာခဲ့သည်။ တချိန်တည်းမှာပင် တော်လှန်ရေးအင်အားစုများအနေဖြင့် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်နှိမ်နင်းမှုကိုလည်း ရင်ဆိုင်ရလျက်ရှိသည်။ အကြမ်းဖက်စစ်အုပ်စုသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များရှိသည်ဟု သတင်းရရှိသည့် မြို့နယ်/ကျေးရွာ/ရပ်ကွက်များကို သာလွန်အင်အားအသုံးပြု၍ ဝင်ရောက်စီးနင်းခြင်း၊ ရွာလုံးကျွတ်မီးရှို့ခြင်း၊ လူများစွာကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် လေကြောင်းတိုက်ခိုက်ခြင်းတို့ဖြင့် စစ်ဆင်ရေးလုပ်ဆောင်လျက်ရှိသည်။ စစ်အုပ်စုမှ ၎င်းတို့ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် ဖြတ်လေးဖြတ်စစ်ဆင်ရေး (ရန်ပုံငွေဖြတ်တောက်ခြင်း၊ စားနပ်ရိက္ခာဖြတ်တောက်ခြင်း၊ သတင်းအချက်အလက်ဖြတ်တောက်ခြင်းနှင့် တပ်သားသစ်စုဆောင်းမှုဖြတ်တောက်ခြင်း)ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ရှိသည်ဟု ကောလာဟလထွက်သည့် မြို့နယ်/ကျေးရွာ/ရပ်ကွက်တိုင်းတွင် ကျင့်သုံးလျက်ရှိသည်။ တိုက်ပွဲဖြစ်ပွားရာဒေသများရှိ စစ်ရှောင်ပြည်သူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ၊ စားနပ်ရိက္ခာများ၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့် စစ်ရှောင်စခန်းများအတွက် လိုအပ်သည့် အကူအညီများရရှိနိုင်ရေးတို့အပြင် အင်တာနက်လိုင်းဖြတ်တောက်ခံရမှုနှင့် ၎င်း၏နောက်



စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ချင်း၊ ထန်တလန်တွင် မီးလောင်နေသော အဆောက်အအုံများ

ရင်းမြစ်: Time




မီးရှို့ခံရပြီးနောက် ပျက်စီးခဲ့သော အဆောက်အအုံများ

ရင်းမြစ်: Radio Free Asia

ဆက်တွဲ ထိခိုက်နစ်နာမှုများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်နေကြရသည်။ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး **(UNOCHA)**မှ ထုတ်ပြန်ထားသည့် အစီရင်ခံစာအရ စစ်ဒဏ်ခံစားရသည့် မြို့နယ်အရေအတွက်မှာ ၃၃၀ ဝန်းကျင်ရှိသည်။

သမိုင်းကြောင်းတလျှောက်တွင် စစ်အုပ်စုအနေဖြင့် လူမျိုးစုတော်လှန်ရေးအင်အားစုများကို နှိမ်နင်းရန်အတွက် လေတပ်အင်အားကို အသုံးပြု၍ လိုအပ်သည့် သတင်းအချက်အလက်ထောက်လှမ်းခြင်းနှင့် လေကြောင်းမှပံ့ပိုးကြဲတိုက်ခိုက်ခြင်းဖြင့် အသာစီးရယူခဲ့သည်။ ထို့အတူ နွေဦးတော်လှန်ရေးကာလတွင် လူမျိုးစုတော်လှန်ရေးအင်အားစုများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို တိုက်ခိုက်ရာတွင် လေကြောင်းစစ်ဆင်ရေးကို အဓိကထားလုပ်ဆောင်လျက်ရှိသည်။ ၂၀၂၁ခုနှစ်နောက်ပိုင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများတွင် ကျေးရွာများ၊ စစ်ရှောင်စခန်းများ၊ ဆေးရုံများနှင့် စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ရှိခဲ့သည်။ ၎င်းလေကြောင်းတိုက်ခိုက်မှုများသည် တော်လှန်ရေးအင်အားစုများကို သာမက သာမန်အရပ်သားပြည်သူများကိုပါ

ထိခိုက်သေဆုံးစေသည့် စစ်ရေးဗျူဟာဖြစ်သည်။ **IDMC** ၏ အဆိုအရ နွေဦးတော်လှန်ရေးကာလတွင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်ထိုးစစ်ဆင်မှုများကို ခုခံတိုက်ခိုက်သည့် တိုက်ပွဲများကြောင့် နိုင်ငံတွင်း နေရပ်စွန့်ခွာရသူ စစ်ဘေးရှောင်အရေအတွက်မှာ သိသိသာသာမြင့်တက်လာခဲ့ပြီး ၄၄၇,၈၀၀ ဦး အထိ ရောက်ရှိခဲ့သည်။ ၂၀၂၁ နှစ်ကုန်ပိုင်း စစ်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် လူဦးရေ ၅၆,၀၀၀ ကျော်နေထိုင်သော ထန်တလန်မြို့ပေါ်မှ အရပ်သားအများအပြား ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး သမိုင်းဝင်အဆောက်အအုံများ ပျက်စီးကာ မြို့ပျက်တခုအဖြစ် ပြောင်းလဲသွားခဲ့သည်။

အကြမ်းဖက်စစ်အုပ်စုသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုမတိုင်မီကပင် အရပ်သားများကို ပစ်မှတ်ထားသော လေကြောင်းစစ်ဆင်ရေးများကို လုပ်ဆောင်ခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ဖိနှိပ်သည့် စစ်အုပ်စု၏ စစ်ဆင်ရေးများတွင် လူအစုလိုက်အပြုံလိုက်သတ်ဖြတ်သည့် စစ်ဆင်ရေးများပါဝင်ခဲ့ပြီး အများပြည်သူရှေ့မှောက်တွင် ပြောင်ပြောင်တင်းတင်းကျူးလွန်ခဲ့ခြင်းဖြစ်သည်။ သို့သော် စစ်အုပ်စု၏ ဝါဒဖြန့်သတင်းများတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် တော်လှန်ရေးအင်အားစုများက အရပ်သားအသွင်ယူနေထိုင်သည့် နေရာများဖြစ်သည်ဟုလည်းကောင်း၊ လူမျိုးစုတော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ စုစည်းနေသည့်နေရာများကိုသာ တိုက်ခိုက်ခြင်း ဖြစ်သည်ဟုလည်းကောင်း ထုတ်ပြန်ခြင်းဖြင့် ၎င်းတို့ကျူးလွန်ထားသည့် စစ်ရာဇဝတ်မှုများကို ငြင်းဆန်လျက်ရှိသည်။ ၂၀၂၂ခုနှစ်တွင် အကြမ်းဖက်စစ်အုပ်စုက လက်ယက်ကုန်းရွာ မူလတန်းကျောင်းကို တိုက်ခိုက်ခဲ့သည့် လေကြောင်းစစ်ဆင်ရေးတွင် တိုက်လေယာဥ်များနှင့် ရဟတ်ယာဥ်များပါဝင်ခဲ့ပြီး ကလေးငယ် ၁၃ ဦးအပါအဝင် အရပ်သားအမြောက်အများ သေဆုံးခဲ့ရသည်။ **(BNI, 2022)** ထို့အပြင် ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် ချင်း၊ မင်းတပ်မြို့ရှိ ဘုန်းကြီးကျောင်းတကျောင်းကို လေကြောင်းမှ ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့ပြီး သန့်ရှင်းရေးပစ္စည်းများဖြန့်ဝေလျက်ရှိသည့် အရပ်သားများကို ထိခိုက်စေခဲ့သည်။ **(Myanmar Now, 2023)**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီနောက်ပိုင်းတွင် စစ်အုပ်စုသည် စစ်ရေးပစ်မှတ်၊ အရပ်သားပစ်မှတ်ခွဲခြားမှုမရှိသော စစ်ဆင်ရေးများကို အရှိန်တိုးမြှင့်လာခဲ့ပြီး လေကြောင်းစစ်ဆင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခဲ့သည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလမှ

၂၀၂၃ခုနှစ် ဧပြီလအတွင်း အရပ်သား (၅) ဦးထက်မနည်း သေဆုံးခဲ့ရသည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဥ်ပေါင်းအနည်းဆုံး (၁၄၂) ကြိမ် ရှိခဲ့ပါသည်။[၁] စစ်အုပ်စု၏ လေကြောင်းထိုးစစ်များနှင့် ၎င်းတို့ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအကြောင်းကို ယခုအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

စစ်အုပ်စုသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် နိုင်ငံတကာလူသားချင်းဆိုင်ရာစာနာထောက်ထားမှု ဥပဒေများကို နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်း ဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီနောက်ပိုင်းတွင်လည်း စစ်အင်အားအလွန်အကျွံသုံး၍ အရပ်သားများကို ပစ်မှတ်ထားသည့် စစ်ဆင်ရေးများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ ဒေသခံများကို ဖမ်းဆီးခေါ်ဆောင်၍ လူသားဒိုင်းပြုလုပ်မှုများနှင့် အသက်အိုးအိမ် စည်းစိမ်ကို ပျက်စီးဆုံးရှုံးစေသည့် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နေဆဲ ဖြစ်သည်။ စစ်အုပ်စု၏ အဆိုပါအကြမ်းဖက်ကျူးလွန်မှုများကို မှတ်တမ်းတင်ထားနိုင်သော်လည်း ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးမှာ အလှမ်းဝေးကွာနေဆဲ ဖြစ်သည်။ စစ်အုပ်စု၏ လုပ်ရပ်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ ကြေညာချက်ထုတ်ပြန်ရှုံ့ချမှုများရှိသော်လည်း စစ်အုပ်စုမှ အရပ်သားများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသော စစ်ဆင်ရေးများမှာ ပိုမိုဆိုးရွားလာခဲ့သည်။ အမေရိကန်နှင့် မဟာမိတ်နိုင်ငံများသည် စစ်အုပ်စု၏ စစ်ဘက်ဆိုင်ရာ ရာထူးကြီးပုဂ္ဂိုလ်များ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများကို ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများရှိသည်။ သို့သော် စစ်အုပ်စုသည် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်္ကာပူတို့နှင့် ထိတွေ့ဆက်ဆံလျက်ရှိပြီး စစ်ရေးလေ့ကျင့်မှု၊ နည်းပညာ၊ စစ်သုံးလေယာဥ်နှင့် လက်နက်ဝယ်ယူရေးကို ယင်းနိုင်ငံများနှင့် လုပ်ဆောင်လျက်ရှိနေသည်။

စစ်အုပ်စုမှ အရပ်သားများအပေါ် အကြမ်းဖက်သတ်ဖြတ်ခြင်းများ ထပ်မံမကျူးလွန်နိုင်ရေး ကြိုတင်ကာကွယ်ရန်နှင့် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တရားမျှတမှုဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအနေဖြင့် ထိရောက်သောနည်းလမ်းများဖြင့် ကြိုးစားချဥ်းကပ်ရန် လိုအပ်လျက်ရှိသည်။ သို့သော် စစ်အုပ်စုမှ ကျူးလွန်လျက်ရှိသည့် လုပ်ရပ်များကို ရပ်တန့်သွားစေရန် (သို့မဟုတ်) လျော့ချနိုင်ရန် အထောက်အပံ့ဖြစ်စေမည့် နိုင်ငံတကာအသိုင်းအဝန်းနှင့် အဖွဲ့အစည်းများ၏ ထိရောက်သော လုပ်ဆောင်ချက်များကို မတွေ့ရှိရသေးပါ။

---

[၁] ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏အချက်အလက်ကောက်ယူရရှိမှုမှ ထုတ်နှုတ်ထားသည်။

# ၂။ သုတေသနနည်းနာ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဧပြီလအထိ နိုင်ငံတဝှမ်းတွင် စစ်အုပ်စု၏ ကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုများကို ဤ အစီရင်ခံစာတွင် ဖော်ပြထားသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် အရပ်သားသေဆုံးမှုအရေအတွက်များသည် လွတ်လပ်သောသတင်းမီဒီယာများနှင့် တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များအပေါ် အခြေခံကာ ကောက်ယူထားခြင်းဖြစ်သည်။ သတင်းမီဒီယာစုစုပေါင်း (၄၂) ခုနှင့် တော်လှန်ရေးအဖွဲ့ အစည်းများ၏ ဖေ့စ်ဘုတ်စာမျက်နှာ (၁၃၀၀)[၂] ကျော်မှ ကောက်ယူထားပါသည်။

လူမျိုးစုတော်လှန်ရေးအင်အားစုများနှင့် တော်လှန်ရေးအဖွဲ့အစည်းများမှ တိုက်ပွဲသတင်း ထုတ်ပြန်ရာတွင် လုံခြုံရေးနှင့် စစ်ရေးဗျူဟာများအရ တိုက်ခိုက်မှုအရေအတွက် အသေးစိတ်ကို ဖော်ပြထားခြင်းမရှိသောကြောင့် မြေပြင်အခြေနှင့် ကွဲပြားမှုရှိနိုင်ပါသည်။ ထို့အပြင် လွတ်လပ်သောသတင်းမီဒီယာများနှင့် တော်လှန်ရေးအဖွဲ့အစည်းများတွင် ဖော်ပြထားသော လေကြောင်းတိုက်ခိုက်မှုအရေအတွက်များသည် တွက်ချက်မှုနည်းစနစ် အပေါ် မတူညီသော ချဉ်းကပ်မှုများကြောင့်လည်း ယေဘုယျအားဖြင့် ကွဲပြားနိုင်ပါသည်။

နွေဦးတော်လှန်ရေးကာလတွင် ဒီမိုကရေစီလိုလားသော တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် အဖွဲ့အစည်းအသီးသီးအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကို ရှေးရှု၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တော်လှန်ရေးကာလ အလွန်တွင် ဖက်ဒရယ်ယူနစ်အသစ်များ ပေါ်ထွန်းလာနိုင်ခြေနှင့် လက်ရှိနယ်မြေပိုင်းခြား မှုများကို ပြင်ဆင်နိုင်မည့် အလားအလာများကို ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ သေချာသိရှိနားလည်ပြီး အသိအမှတ်ပြုပါသည်။ သို့သော် လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်များကို စောင့်ကြည့်လေ့လာရာတွင် အရင်းအမြစ်နှင့် နည်းပညာအကန့်အသတ် များရှိခြင်းကြောင့် အများသူငှာ သိရှိထားသည့် နယ်မြေပိုင်းခြားမှုများကို အခြေခံ၍ လေ့လာစောင့်ကြည့်ခဲ့ပါသည်။

---

[၂] တော်လှန်ရေးအဖွဲ့ပေါင်း (၁၃၀၀)ရှိသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ တချို့အဖွဲ့များမှာ ကိုယ်ပိုင်ဖေ့စ်ဘုတ်စာမျက်နှာတခုထက်ပို၍ အသုံးပြုကြပါသည်။

# ၃။ လေတပ်အင်အားကို တိုးမြှင့်အသုံးပြုခြင်း

မြန်မာ့လေတပ်ကို[၃] ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ၇၅ နှစ် သက်တမ်းရှိပြီဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှကိုလိုနီ တော်ဝင်လေတပ်မှ လေယာဉ်အမျိုးအစားမျိုးစုံ အစင်း ၆၀ ခန့်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။[၄] နောက်ပိုင်းတွင် ပြည်ပမှ လေယာဉ်များ တင်သွင်းကာ လေတပ်ကို အင်အားဖြည့်တင်းခဲ့သည်။ အစောပိုင်း တင်သွင်းသည့်နိုင်ငံများတွင် အစ္စရေး၊ ယူကေ၊ တရုတ်၊ ရုရှားနှင့် ပိုလန်တို့ ပါဝင်သည်။ ၂၀၀၀ ခုနှစ်အစောပိုင်းတွင် ဘီလာရုစ်မှ လေယာဉ်ဝယ်ယူမှုမှတ်တမ်းများလည်း ရှိခဲ့သည်။

**WDMMA** ၏ အဆိုအရ မြန်မာ့လေတပ်သည် လက်ရှိအချိန်တွင် လေယာဉ်စုစုပေါင်း ၂၉၂ စင်း ပိုင်ဆိုင်ထားပြီး ၂၃၄ စင်း (စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်း) သည် အသုံးပြုရန် အသင့်အနေအထားတွင်ရှိသည်။ မြန်မာ့လေတပ်၏ စိန်ရတုနှစ်ပတ်လည်အခမ်းအနားတွင် မင်းအောင်လှိုင်က **SR 1-UAV** နှင့် **MTX-1A**[၅] များ ထုတ်လုပ်နေပြီဟု မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ စစ်အုပ်စုပိုင်ဆိုင်ထားသော လေယာဉ်အမျိုးအစားများနှင့် တင်သွင်းသည့်နိုင်ငံများစာရင်းကို[၆] အောက်တွင် ဖော်ပြထားသည်။



မြန်မာ့လေတပ်၏ စိန်ရတုနှစ်ပတ်လည်နေ့တွင် တွေ့ရသော မင်းအောင်လှိုင်
ရင်းမြစ်: Global News Light of Myanmar

[၃] ၁၉၈၉ ခုနှစ်အထိ ဗမာလေတပ်ဟုခေါ်ဆိုခဲ့သည်။.
[၄] Aeroflight http://www.aeroflight.co.uk/waf/aaeastasia/burma/burma-af-home.htm
[၅] The Global New Light of Myanmar. 2022
[၆] The data is from WDMMA, GFP and Nyan Lynn Thit Analytica.

## စစ်အုပ်စုပိုင်ဆိုင်ထားသော လေယာဉ်အမျိုးအစားများနှင့် တင်သွင်းသည့်နိုင်ငံများစာရင်း

| အမျိုးအစား | MODEL | ရောင်းချသည့်နိုင်ငံ |
|---|---|---|
| တိုက်လေယာဉ် | MiG-29 SE | ဆိုဗီယက် |
| တိုက်လေယာဉ် | F-7M | တရုတ် |
| တိုက်လေယာဉ် | A-5C | တရုတ် |
| တိုက်လေယာဉ် | JF-17A/B Block 2 | တရုတ် |
| တိုက်လေယာဉ် | F-6 | တရုတ် |
| တိုက်လေယာဉ် | SU-30 SME | ရုရှား |
| ရဟတ်ယာဉ် | Mi-2 | ဆိုဗီယက် |
| ရဟတ်ယာဉ် | Bell 205 | အမေရိကန် |
| ရဟတ်ယာဉ် | Alouette III | ပြင်သစ် |
| ရဟတ်ယာဉ် | Mi- 17 | ရုရှား |
| ရဟတ်ယာဉ် | W-3 | ပိုလန် |
| ရဟတ်ယာဉ် | Mi-24 | ဆိုဗီယက် |
| ရဟတ်ယာဉ် | KA MOV KA-27 | ရုရှား |
| ရဟတ်ယာဉ် | KA MOV KA-28 | ရုရှား |
| လေ့ကျင့်ရေးယာဉ် | G- 120 TP | ဂျာမဏီ |
| လေ့ကျင့်ရေးယာဉ် | Yak - 130 | ရုရှား |
| လေ့ကျင့်ရေးယာဉ် | PC – 7 | ဆွစ်ဇာလန် |
| လေ့ကျင့်ရေးယာဉ် | K – 8 | တရုတ် |
| လေ့ကျင့်ရေးယာဉ် | MiG- 29 B | ဆိုဗီယက် |
| လေ့ကျင့်ရေးယာဉ် | PT – 6 | တရုတ် |
| လေ့ကျင့်ရေးယာဉ် | PC-9 | ဆွစ်ဇာလန် |
| လေ့ကျင့်ရေးယာဉ် | FT – 7 | တရုတ် |
| လေ့ကျင့်ရေးယာဉ် | G – 4 | ဆားဗီးယား |
| လေ့ကျင့်ရေးယာဉ် | H 120 | ပြင်သစ် |
| လေ့ကျင့်ရေးယာဉ် | FTC – 2000 G | တရုတ် |
| လေ့ကျင့်ရေးယာဉ် | MTX 1 A | မြန်မာ |
| သယ်ယူပို့ဆောင်ရေးယာဉ် | Beech 1900 | အမေရိကန် |
| သယ်ယူပို့ဆောင်ရေးယာဉ် | ATR 42 | ပြင်သစ် |
| သယ်ယူပို့ဆောင်ရေးယာဉ် | PC-6 | ဆွစ်ဇာလန် |
| သယ်ယူပို့ဆောင်ရေးယာဉ် | Y-8 | တရုတ် |
| သယ်ယူပို့ဆောင်ရေးယာဉ် | Y-12 | တရုတ် |
| သယ်ယူပို့ဆောင်ရေးယာဉ် | F-27 | ရုရှား |



YAK-130 ကို စစ်အုပ်စုမှ ကြည့်ရှုနေပုံ

ရင်းမြစ်: Asia Military Review



ရုရှားထုတ် SU-30

ရင်းမြစ်: The Irrawaddy

စစ်အုပ်စုအတွက် စစ်သုံးလေယာဥ်များကို အဓိကရောင်းချပေးသည့်နိုင်ငံများမှာ ရုရှားနှင့် တရုတ်ဖြစ်ပြီး ဂျာမနီ၊ အမေရိကန်၊ ယူကေ၊ ဆွစ်ဇာလန်၊ ပြင်သစ်နှင့် ပိုလန်တို့က ဒုတိယရောင်းချပေးကြသည့် နိုင်ငံများဖြစ်သည်။ ယူကရိန်းနိုင်ငံမှလည်း စစ်အုပ်စုကို လေယာဥ်နှင့် လက်နက်ခဲယမ်းများရောင်းချမှုရှိခဲ့ကြောင်းကို ၂၀၂၁ ခုနှစ်တွင် **Justice for Myanmar** က ဖော်ထုတ်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ နှစ်ဆန်းပိုင်းမှ စတင်၍ မင်းအောင်လှိုင် အပါအဝင် စစ်အုပ်စုထိပ်ပိုင်းပုဂ္ဂိုလ်များသည် ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့် ဆက်ဆံရေးများရှိခဲ့ပြီး စစ်သုံးလေယာဥ်များ ဝယ်ယူနိုင်ရေးကို လုပ်ဆောင်ခဲ့ကြသည်။ **Yak-130, SU-30 SME** နှင့် **FTC-2000G** များမှာ စစ်အုပ်စုမှ နောက်ဆုံးဝယ်ယူထားသည့် စစ်လေယာဥ်များဖြစ် သည်။ ထို့အပြင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် အီရန်မှ **Kesham Fars Air** လေယာဥ်သည် စစ်လက်နက်များနှင့် ဒရုန်းများသယ်ဆောင်လာခဲ့ပြီး မြန်မာနိုင်ငံသို့ ဆင်းသက်ခဲ့သည်။ **(Rozario. 2022)** အီရန်နှင့် စစ်အုပ်စုတို့၏ သံသယဖြစ်ဖွယ်ဆက်ဆံရေးနှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ **Asia Times** ၏ ဆောင်းပါးတွင် "လေယာဥ်သည် ဆီးရီးယားစစ်ပွဲတွင် စမ်းသပ်အသုံးပြုထားသော ဒရုန်းများနှင့် ဓာတုလက်နက်အချို့

ကို သယ်ဆောင်သွားမည်ဖြစ် ပြီး ဥဇဘက်ကစ္စတန်တွင် ရပ်တန့်မည်။ ထို့နောက် (မြန်မာတွင်) ငွေစက္ကူများများထုတ်ရန် စက္ကူနှင့် အခြားပစ္စည်းများ ယူဆောင်လာမည်” ဟူ၍ အတည်မပြုနိုင်သော ပြောဆိုမှုတခုကို ဖော်ပြခဲ့သည်။ ထို့အပြင် စစ်အုပ်စုက ပါကစ္စတန်နိုင်ငံမှ ၂၀၁၅ ခုနှစ်၊ မတ်လတွင် ဝယ်ယူခဲ့သည့် **JF-17** တိုက်လေယာဥ်များကို ပြုပြင်ထိန်းသိမ်းပေးရန်အတွက် ပါကစ္စတန်ကို တောင်းဆိုခဲ့သည်[၉]။ တချိန်တည်းမှာပင် စစ်အုပ်စုမှ စစ်သုံးလေယာဥ်ထုတ်လုပ်လျက်ရှိသည်ဆိုသော်လည်း ထုတ်လုပ်နိုင်ရန် လိုအပ်သည့် အစိတ်အပိုင်းများနှင့် နည်းပညာများကို တင်ပို့ပေးနေသည့် ပြည်ပနိုင်ငံများရှိနေပြီး စစ်အုပ်စုနှင့်လျှို့ဝှက်စွာဆက်သွယ်နေသည်ဟု ယူဆနိုင်သည်။



စစ်အုပ်စု၏ စစ်ကြောင်းထိုးမှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသော စစ်ကိုင်းဒေသခံများ
ရင်းမြစ်: Radio Free Asia

စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း စစ်အုပ်စုအနေဖြင့် ငွေကြေးစီမံခန့်ခွဲမှုတွင် လုပ်ပိုင်ခွင့် အပြည့်အဝရှိလာသည့်အတွက် စစ်အသုံးစရိတ်တိုးမြှင့်ခဲ့ပြီးနောက် ရုရှား၊ တရုတ်၊ ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့ထံမှ နည်းပညာ၊ စစ်ရေးလေ့ကျင့်မှုနှင့် စစ်လက်နက်များဝယ်ယူကာ စစ်အင်အားကို တိုးချဲ့လျက်ရှိသည်။ အကြမ်းဖက်စစ်အုပ်စုသည် လိုအပ်သည့် နည်းပညာနှင့်စစ်လက်နက်ခဲယမ်း ဝယ်ယူဖြည့်တင်းမှုများပြုလုပ်နေသည်နှင့်အတူ စစ်ဆင်ရေးများတွင် လက်နက်ကြီးနှင့် လေကြောင်းထိုးစစ်ဆင်ခြင်းကို ပိုမိုပြုလုပ်လာခဲ့သည်။ စစ်အုပ်စုအနေဖြင့် တပ်သားအင်အားဖြည့်တင်းခြင်းနှင့် စစ်ဆင်ရေးများပြုလုပ်နိုင်ရန်အတွက် တိုင်းစစ်ဌာနချုပ်များတွင် ရဟတ်ယာဥ်များ ပေးပို့ထားသည့်အပြင်

[၉] Chaudhury. 2023. “Pakistan team sent to Myanmar to repair combat aircraft”. The Economic Times https://economictimes.indiatimes.com/news/defence/pakistan-team-sent-to-myanmar-to-repair-combat-aircraft/articleshow/98640757.cms?utm_source=contentofinterest&utm_medium=text&utm_campaign=cppst

ရဟာတ်ယာဥ်သုံးစွဲရန်လိုအပ်လာပါက တိုင်းစစ်ဌာနချုပ် စစ်တိုင်းမှူးသည် လေတပ်ထံမှ ခွင့်ပြုချက်မလိုအပ်ဘဲ လိုအပ်သလို သုံးစွဲခွင့်ရှိလာသည်။ ( Yangon Khit Thit, 2022) အကြမ်းဖက်စစ်အုပ်စုသည် ၎င်းနှင့် လူမျိုးစုတော်လှန်ရေးအင်အားစုများအကြား (သို့မဟုတ်) ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ရင်ဆိုင်တိုက်ပွဲများတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်သာမက ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ **(RCSS)**နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ **(SSPP)**တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင်လည်း **RCSS** ဘက်မှ ကူညီကာ **SSPP**ကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။[၅] စစ်အုပ်စုနှင့် **RCSS**သည် **NCA**[၆] လမ်းကြောင်းအရ နီးစပ်သည့် မဟာမိတ် ဆက်ဆံရေးရှိကြသည်။



၂၀၂၂ ခုနှစ်၊ မေလတွင် နေပြည်တော်၌ တွေ့ဆုံခဲ့သော မင်းအောင်လှိုင်နှင့် ရွှက်ဆစ် ရင်းမြစ်: Radio Free Asia

၂၀၂၁ခုနှစ် အစောပိုင်းကာလမှစတင်၍ စစ်အုပ်စု၏ လေကြောင်းအသုံးပြု ဗုံးကြဲတိုက်ခိုက်မှု အရေအတွက်မှာ သိသိသာသာ မြင့်တက်လာခဲ့သည်။ ၂၀၂၃ခုနှစ် ဧပြီလဆန်းတွင် မင်းအောင်လှိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စစ်အသုံးစရိတ်မြှင့်တင်ရန် ခွင့်ပြုပေးခဲ့ပြီး အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံ အထိတိုးမြှင့်ခဲ့သည်။ ၂၀၂၁ ခုနှစ် စစ်ရေး

[၅] People's Spring. 2022 "ပင်လုံရှိ SSPPတပ်စခန်းအနီး စစ်ကောင်စီနှင့် RCSS စစ်ကြောင်းများ အင်အားအလုံးအရင်းဖြင့် စစ်ရေးလှုပ်ရှားလာ" https://www.facebook.com/LuduNwayOo/posts/pfbid027pFxJoJAH9yhpbixkuQBtnYbJmrJM6udjvfhdJx6uZLz1s5ftvo7suSr5T2BC6aRl

[၆] Nationwide Ceasefire Agreement (တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်)

အသုံးစရိတ် အမေရိကန်ဒေါ်လာ ၂.၁ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားလာခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ် စစ်ဆင်ရေးများတွင် လက်နက်အင်အားကို ပိုမိုတိုးမြှင့်အသုံးပြုလာနိုင်သည့်အတွက် အရပ်သားပစ်မှတ်၊ စစ်ရေးပစ်မှတ်ခွဲခြားမှုမရှိဘဲ ရည်ရွယ်ချက်ရှိရှိ ကျူးလွန်သော စစ်ရာဇဝတ်မှုကျူးလွန်မှုများလည်း ပိုမိုများပြားလာနိုင်သည်။ အကြမ်းဖက်စစ်အုပ်စုသည် ၂၀၂၁ ဖေဖော်ဝါရီနောက်ပိုင်းမှစတင်၍ လက်နက်ခဲယမ်းနှင့် စစ်သုံးလေယာဉ်များ တိုးချဲ့ဝယ်ယူနိုင်ရေးကို ကြိုးပမ်းလျက်ရှိသည်။

# ၄။ အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း

စစ်အုပ်စု၏ စစ်ရေးလှုပ်ရှားမှုများသည် အရပ်သားများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး အရပ်သားများ သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ အိုးမဲ့ အိမ်မဲ့ ဖြစ်ရခြင်းများသည် စစ်ပွဲများတွင် ကြုံတွေ့ရလေ့ရှိသည့် သာမန်အကျိုးဆက်မျိုးမဟုတ်ဘဲ အရပ်သားများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းကြောင့်ဖြစ်သည်။ အရပ်သားများကိုပစ်မှတ်ထားသော လေကြောင်းစစ်ဆင်ရေးများသည် "ဖြတ်လေးဖြတ်မဟာဗျူဟာ" ကိုအထောက်အကူဖြစ်စေသည့် အရေးပါသောဗျူဟာများအနက် တခု ဖြစ်သည်။ နွေဦးတော်လှန်ရေးကာလတွင် တော်လှန်ရေးနယ်မြေသစ်အဖြစ်ပေါ်ပေါက်လာသည့် စစ်ကိုင်းနှင့် မကွေးဒေသများသည် စစ်အုပ်စု၏ တပ်သားသစ်စုဆောင်းရေးအတွက် အရေးပါသည့် လူသားရင်းမြစ်ထွက်ရှိရာဒေသများအဖြစ် တည်ရှိခဲ့သည်မှာ ဆယ်စုနှစ်များစွာရှိခဲ့ပြီဖြစ်သည်။ ယခုနွေဦးတော်လှန်ရေးတွင် အညာဒေသအနှံ့တွင် လက်နက်ကိုင်တော်လှန်ရေးအပါအဝင် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးလှုပ်ရှားမှုများ လုပ်ဆောင်လျက်ရှိပြီး ဒေသခံများသည် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် တော်လှန်ရေးတပ်ဖွဲ့များအတွက် ရန်ပုံငွေရရှိရာလမ်းကြောင်းနှင့် တပ်သားသစ်များ ဖြစ်လာခဲ့သည်။ စစ်အုပ်စုက ၎င်းတို့ကို တပ်သားသစ်ထောက်ပံ့ပေးတော့မည်မဟုတ်သည့် အညာဒေသကို နလံမထူနိုင်စေရန် လူမဆန်သော စစ်ရေးဗျူဟာများဖြင့် တုံ့ပြန်တိုက်ခိုက်နေသည်ဟု ယူဆနိုင်သည်။ အကြမ်းဖက်စစ်အုပ်စုသည် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်များကို ဦးတည်တိုက်ခိုက်ခြင်းအပြင် တော်လှန်ရေးအဖွဲ့များကို ထောက်ခံပံ့ပိုးမှုများမပြုလုပ်နိုင်ရန်နှင့် မည်သည့်ရည်ရွယ်ချက်နှင့်မျှ လူစုလူဝေးမပြုလုပ်နိုင်စေရန် ပြည်သူလူထုကို ခြိမ်းခြောက်သည့်နည်းလမ်းများအသုံးပြုလာခဲ့သည်။

လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် တော်လှန်ရေးတပ်ဖွဲ့များကို အောင်မြင်စွာချေမှုန်းနိုင်ရေး စီမံချက်တွင် စစ်အုပ်စုက အရပ်သားများကို သော့ချက်အဖြစ် ရှုမြင်သည်။ စစ်အုပ်စု၏စစ်မဟာဗျူဟာသည် တော်လှန်ရေးတပ်ဖွဲ့များအနေဖြင့် နေရပ်

စွန့်ခွာထွက်ပြေးရသည့် ဒေသခံများ၏ လုံခြုံရေးနှင့် ၎င်းတို့အတွက်လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များကို ဖြေရှင်းရမည့် လုပ်ငန်းစဥ်များဖြင့် အကျပ်အတည်းကျရောက်စေရန် ဦးတည်သည်။ “ရည်ရွယ်ချက်ကတော့ တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ စွမ်းရည်ကို လျော့ကျစေနိုင်တဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖန်တီးဖို့နဲ့ လူထုကို လက်အောက်ခံဖြစ်အောင် အကြမ်းဖက်ခြင်းနဲ့ တွန်းအားပေးဖို့ ကြိုးစားတာ ဖြစ်ပါတယ်။” **(M.Farmaner, I.Blazevic, 2023)**

စစ်အုပ်စု၏ အရပ်သားများကိုပစ်မှတ်ထားသော စစ်ဆင်ရေးများ အထူးသဖြင့် လူမျိုးစုဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်ရခြင်း၏ အခြားအကြောင်းအရင်းမှာ နွေဦးတော်လှန်ရေးမှ ပေါ်ထွက်လာသော ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများနှင့် တော်လှန်ရေးသမားများကို ဆယ်စုနှစ်ပေါင်းများစွာမှ တည်ရှိခဲ့သော လူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းများက ကူညီပံ့ပိုးပေးမှု ပြုလုပ်ခြင်းမရှိစေရန်အတွက် ဖြစ်သည်။ စစ်အုပ်စုက **KNU** တပ်မဟာ (၆) လက်အောက်ရှိ လေးကေ့ကော်မြို့ကို လေကြောင်းဗုံးကြဲမှုနှင့် မြေပြင်ထိုးစစ်ဆင်ခြင်းများ ပြုလုပ်ကာ တိုက်ခိုက်ချေမှုန်းရန် ကြိုးပမ်းခဲ့သည့် ဖြစ်စဥ်မှာ ထင်ရှားသည့် သာဓက တခုပင်ဖြစ်သည်။ လေးကေ့ကော်မြို့သည် ထိုင်း-မြန်မာနယ်စပ် အနီးတွင် တည်ရှိပြီး စစ်အုပ်စု၏ လိုက်လံဖမ်းဆီးခြင်းမှ တိမ်းရှောင်နေရသည့် တော်လှန်ရေးသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များနှင့် နိုင်ငံရေးခေါင်းဆောင်များ ယာယီခိုလှုံလျက်ရှိသည့် မြို့ဖြစ်သည်။ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် စစ်အုပ်စုက လေးကေ့ကော်မြို့ကို ပထမအကြိမ် စတင်တိုက်ခိုက်ခဲ့ပြီး တက်ကြွလှုပ်ရှားသူနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ၃၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ အရပ်သား ၇၀၀၀နီးပါး ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီးနောက် တိတ်ဆိတ်ခြောက်ကပ်သွားသောမြို့မှာ ပဋိပက္ခဇုန်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ထို့အပြင် စစ်အုပ်စုသည် ကရင်နီဒေသရှိ ဒီမောဆိုမြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်စစ်ဆင်ရေးများကို အကြိမ်ပေါင်းများစွာ လုပ်ဆောင်ခဲ့သည်။ ကရင်နီတွင် ပြည်သူ့ကာကွယ်ရေးတပ်များသည် **KNDF** (ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့)နှင့် အတူတကွ တပ်အင်အားတိုးချဲ့မှုများ ပြုလုပ်လျက်ရှိသည်။ ၂၀၂၂ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် လွိုင်ကော်မြို့ရှိ ရပ်ကွက်ပေါင်း၁၃ခုမှ ပြည်သူ ၁၅၀,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ **(The Irrawaddy, 2022)**

စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် အန်တုလှုပ်ရှားမှုများသည် လက်နက်ကိုင် တော်လှန်ရေးအသွင်ပြောင်းလဲသွားပြီးနောက် တော်လှန်ရေးအင်အားစုများနှင့် တက်ကြွ လှုပ်ရှားသူများကို နေထိုင်ခွင့်ပေးထားသော နယ်မြေများမှာ စစ်အုပ်စု၏ ပစ်မှတ်ထား တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။

# ၅။ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ

စစ်အုပ်စု၏ လူမဆန်သည့် လေကြောင်းစစ်ဆင်ရေးများသည် အရပ်သားများကို အသက်အန္တရာယ် ထိခိုက်စေခဲ့ပြီး ၎င်းတို့ နေထိုင်ရာဒေသများကိုလည်း ပျက်စီးဆုံးရှုံးမှုများ ကျန်ရစ်စေခဲ့သည်။ စစ်အုပ်စုသည် စစ်လေယာဥ်များကို (၁) မြေပြင်တိုက်ပွဲများ အရေးနိမ့်ချိန်တွင် စစ်ကူပေးခြင်း၊ (၂) ကင်းထောက်ခြင်း၊ (၃) တော်လှန်ရေးတပ်ဖွဲ့များ၏ သတင်းအချက်အလက်များကိုရယူပြီး လေကြောင်းစစ်ဆင်ရေးပြုလုပ်ခြင်း၊ (၄) တပ်သားပို့ဆောင်ခြင်း/စစ်ရေးအရင်းအမြစ်များခွဲဝေချပေးခြင်းတို့အတွက် သုံးစွဲလေ့ရှိသည်။ ထို့အပြင် တပ်သားပြောင်းရွှေ့နေရာချနေစဥ် လေကြောင်းပစ်ကူပေးပြီး တပ်ပြောင်းတပ်ရွှေ့မှုအတွက် အကာအကွယ်ယူလေ့ရှိသည်။ စစ်အုပ်စုအသုံးပြုလေ့ရှိသည့် တပ်ပြောင်းရွှေ့နည်းဗျူဟာသည် လေကြောင်းတိုက်ခိုက်မှုနှင့် စစ်ကြောင်းထိုးမှုအကြားတွင် အရပ်သားများ ပိတ်မိစေသည့် ထောင်ချောက်တခုဖြစ်သည်။

စစ်အုပ်စု၏ လေတပ်သည် လေကြောင်းစစ်ဆင်ရေးနှင့် မြေပြင်လှုပ်ရှားမှုများအတွက် လေကြောင်းမှ အကာအကွယ်ပေးပစ်ခတ်မှုများပြုလုပ်ရန် တိုက်လေယာဥ်များ၊ ရဟတ်ယာဥ်များ၊ ဒရုန်းများနှင့် အခြားလေ့ကျင့်ရေးလေယာဥ်များအစရှိသဖြင့် အမျိုးအစားမျိုးစုံကို အသုံးပြုလျက်ရှိသည်။[၁၀] ကောက်ယူရရှိသည့် အချက်အလက်များအရ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် အကြမ်းဖက်စစ်အုပ်စုက ၎င်းတို့၏ လေကြောင်းပစ်မှတ်များအဖြစ် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်များအခြေစိုက်သည့် တပ်စခန်းများ၊ ကျေးရွာများ၊ မြို့များကိုသာမက အရပ်သားများစုဝေးသည့်အခမ်းအနားများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ လူနေအဆောက်အဦးများနှင့် ယာယီစစ်ရှောင်စခန်းများကိုပါ တိုက်ခိုက်လျက်ရှိသည်။

စစ်အုပ်စု၏ လေကြောင်းအသုံးပြုသော ရက်အရေအတွက်





စစ်အုပ်စုက အာဏာသိမ်းပြီးချိန်မှစ၍ ရက်ပေါင်း ၈၅၀ ( ၂ နှစ် နှင့် ၄ လ) အတွင်း ၃ ရက်တွင် ၁ ရက်နှုန်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်နေသည်။


---

[၁၀] WDMMA. 2022 "Myanmar Air Force (2023) Current Active Inventory: 292 Aircraft". https://www.wdmma.org/myanmar-air-force.php

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ ၂ နှစ်ကျော်ကာလ ရက်ပေါင်း ၈၅၀ အနက် ရက်ပေါင်း ၃၆၀တွင် စစ်အုပ်စုမှ တော်လှန်ရေးအဖွဲ့အစည်းများနှင့် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သည်။ အကြမ်းဖက်စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများမှာ ကရင်နှင့် စစ်ကိုင်းတို့တွင် အကြိမ်ရေအများဆုံးဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဧပြီလအထိ စစ်အုပ်စုမှ လေကြောင်းတိုက်ခိုက်မှုပေါင်း ၁၄၂၇ ကြိမ် (ဖြစ်နိုင်ခြေ ၁၅၅၂ ကြိမ်)[၁၁] ပြုလုပ်ခဲ့သည်။




လွန်ခဲ့သော ၂ နှစ်ကျော်ကာလအတွင်း ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုအရေအတွက်





၂နှစ်ကျော်အတွင်း လေကြောင်းတိုက်ခိုက်မှုအရေအတွက်ကို နှစ်အလိုက်ခွဲခြမ်းစိတ်ဖြာထားသောပုံ

[၁၁] ဖော်ပြထားသော လေကြောင်းတိုက်ခိုက်မှုအရေအတွက်များသည် လုံခြုံရေးနှင့် စစ်ရေးဗျူဟာများကြောင့် မြေပြင်အခြေထက်နည်းနိုင်သည်။

# ၂၀၂၁ ဖေဖော်ဝါရီ မှ ၂၀၂၃ ဧပြီအထိ လေကြောင်းတိုက်ခိုက်မှုအရေအတွက်

၁ ၈၂ ၁၆၄




## မြို့နယ်အလိုက် အမြင့်ဆုံး လေကြောင်းတိုက်ခိုက်မှုအကြိမ်ရေနှင့် အရပ်သားသေဆုံးမှုအရေအတွက်

| စဉ် | မြို့နယ် | အကြိမ်ရေ | မြို့နယ် | သေဆုံးမှု |
|---|---|---|---|---|
| ၁ | မြဝတီ | ၁၆၄ | ကန့်ဘလူ | ၁၈၈ |
| ၂ | ဒီမောဆို | ၁၀၉ | ဖားကန့် | ၆၆ |
| ၃ | ဖာပွန် | ၆၁ | ယင်းမာပင် | ၃၉ |
| ၄ | ဖားကန့် | ၅၇ | ပင်လောင်း | ၃၁ |
| ၅ | လှိုင်ကော် | ၅၄ | မြင်းမူ | ၃၀ |

## ၅.၁။ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ (၂၀၂၁)


စစ်အုပ်စုက ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း ယာယီအပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့သည်။ သို့သော် မတ်လနှောင်းပိုင်းမှ စတင်ကာ မေလအထိ ကရင်အမျိုးသားအစည်းအရုံး၏ မူတြော်ခရိုင် (ကရင်၊ ဖာပွန်မြို့နယ်) ကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းစစ်ဆင်ရေးပြုလုပ်ခြင်းတို့ကြောင့် အရပ်သား (၁၂) ဦး သေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် ၂၅ နှစ်အတွင်း ကရင်အမျိုးသားအစည်းအရုံး၏ နယ်မြေတွင် စစ်အုပ်စုမှ ကျူးလွန်သည့် ပထမဆုံးသော လေကြောင်းတိုက်ခိုက်မှုဖြစ်သည်။ **(Long, 2022)** ဖာပွန်နှင့် ညောင်လေးပင်တို့တွင် ကျူးလွန်ခဲ့သည့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများသည် နှစ်ပေါင်း ၂၀ အတွင်း အပြင်းထန်ဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း **Free Burma Rangers**က ဆိုသည်။ **(RFA, 2021)** လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၂,၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

ထို့အတူစစ်အုပ်စုသည်ကချင်၊ ကရင်နီ၊ ရှမ်းအထက်ပိုင်းနှင့်ကရင်တို့ရှိတိုက်ပွဲဖြစ်ပွားသည့်ဒေသများတွင်လည်း လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း မီဒီယာများတွင်ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။ အဆိုပါဒေသများတွင် လေကြောင်းတိုက်ခိုက်မှု ၁၅၃ ကြိမ် (ဖြစ်နိုင်ခြေ ၁၆၅[၁၂] ကြိမ်) ထိ ရှိခဲ့ပြီး စုစုပေါင်း အရပ်သား ၇၄ ဦး သေဆုံးခဲ့သည်။[၁၃]

[၁၂] ဖော်ပြထားသော လေကြောင်းတိုက်ခိုက်မှုအရေအတွက်များသည် လုံခြုံရေးနှင့် စစ်ရေးဗျူဟာများကြောင့် မြေပြင်အခြေထက်နည်းနိုင်သည်။
[၁၃] ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏အချက်အလက်ကောက်ယူရရှိမှုမှ ထုတ်နှုတ်ထားသည်။

# လေကြောင်းတိုက်ခိုက်မှုအရေအတွက် (၂၀၂၁)

1 23 47




## မြို့နယ်အလိုက် အမြင့်ဆုံး လေကြောင်းတိုက်ခိုက်မှုအကြိမ်ရေနှင့် အရပ်သားသေဆုံးမှုအရေအတွက်

| စဉ် | မြို့နယ် | အကြိမ်ရေ | မြို့နယ် | သေဆုံးမှု |
|---|---|---|---|---|
| ၁ | မိုးမောက် | ၄၇ | ရွှေကျင် | ၁၇ |
| ၂ | ဖာပွန် | ၂၃ | ရေဦး၊ ကလေး | ၁၀ |
| ၃ | မင်းတပ် | ၁၀ | ဂန့်ဂေါ၊ မိုးမောက် | ၉ |
| ၄ | ဒီမောဆို၊ မိုးညှင်း၊ ဖားကန့် | ၇ | ညောင်လေးပင်၊ ဖာပွန် | ၆ |
| ၅ | ကလေး | ၅ | ဒီပဲယင်း | ၄ |

## ၅.၂။ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ (၂၀၂၂)

၂၀၂၂ ခုနှစ်တွင် စစ်အုပ်စုမှ အရပ်သားများကို ပစ်မှတ်ထားကျူးလွန်သည့် လေကြောင်းတိုက်ခိုက်မှု အရေအတွက်မှာ ပိုမိုမြင့်တက်လာခဲ့သည်။ ဘာသာရေးအဆောက်အအုံများ၊ ဆေးရုံများနှင့် သတ္တုတူးဖော်ရေးမိုင်းများကိုပါ ပစ်မှတ်ထားတိုက်ခိုက်လာခဲ့သည်။ ကြာအင်းဆိပ်ကြီး သပြုသတ္တုခဲမိုင်းအနီးတွင် တိုက်ပွဲဖြစ်ပွားမှုမရှိသော်လည်း စစ်အုပ်စုက လေကြောင်းဖြင့် ဗုံးကြဲမှု စုစုပေါင်း ၄ ကြိမ်ပြုလုပ်ခဲ့သည်မှာ သာဓကတခုပင်ဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း သပြုသတ္တုခဲမိုင်းကို ပထမဆုံးအကြိမ်တိုက်ခိုက်ခဲ့ပြီး အလုပ်သမား ၃ ဦး သေဆုံးခဲ့သည်။ **(KIC, 2022)** ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ တိုက်ခိုက်ခံရမှုသည် ၄ ကြိမ်မြောက် တိုက်ခိုက်ခံရခြင်း ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း စစ်အုပ်စုမှ လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း ၈၂၀ ကြိမ် (ဖြစ်နိုင်ခြေ ၉၂၄[၁၄] ကြိမ်) ပြုလုပ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် လေကြောင်းအသုံးပြုတိုက်ခိုက်မှု အရေအတွက်မှာ သိသိသာသာတိုးလာခဲ့သည်ကို တွေ့နိုင်သည်။ ၂၀၂၂ ခုနှစ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး အိမ်ခြေ ၃၃၆ လုံး ပျက်စီးခဲ့ပြီး အရပ်သား ၂၆၈ ဦး သေဆုံးခဲ့သည်။




လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိုင်းနယ်စပ်သို့ထွက်ပြေးနေရသော ကရင်ဒေသခံများ
ရင်းမြစ်: Myanmar Now

[၁၄] ဖော်ပြထားသော လေကြောင်းတိုက်ခိုက်မှုအရေအတွက်များသည် လုံခြုံရေးနှင့် စစ်ရေးဗျူဟာများကြောင့် မြေပြင်အခြေထက်နည်းနိုင်သည်။

NLTA

# လေကြောင်းတိုက်ခိုက်မှုအရေအတွက် (၂၀၂၂)

၁ ၇၂ ၁၄၄




မြို့နယ်အလိုက် အမြင့်ဆုံး လေကြောင်းတိုက်ခိုက်မှုအကြိမ်ရေနှင့် အရပ်သားသေဆုံးမှုအရေအတွက်

| စဉ် | မြို့နယ် | အကြိမ်ရေ | မြို့နယ် | သေဆုံးမှု |
|---|---|---|---|---|
| 1 | မြဝတီ | ၁၄၄ | ဖားကန့် | ၆၆ |
| 2 | ဒီမောဆို | ၇၅ | မြင်းမူ၊ ယင်းမာပင် | ၃၀ |
| 3 | လွိုင်ကော် | ၅၂ | ပုလဲ | ၂၂ |
| 4 | ဖားကန့် | ၄၄ | ဒီပဲယင်း | ၂၁ |
| 5 | နန့်စန် | ၃၂ | ကန့်ဘလူ | ၂၀ |

## ဖြစ်စဥ် ၁ လက်ယက်ကုန်းအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ကလေးငယ်များ ပညာသင်ကြားနေသည့် ဘုန်းကြီးကျောင်းကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ အဆိုပါ ဘုန်းကြီးကျောင်းသည် လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှု အားကောင်းသော စစ်ကိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာတွင် တည်ရှိသည်။ စစ်အုပ်စုမှ ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ရာတွင် ရုရှားနိုင်ငံထုတ် **Mi-35** ရဟတ်ယာဥ်ကို အသုံးပြုခဲ့ပြီး ကလေးငယ်များ စာသင်ဆော့ကစားနေသော နေရာသို့ ဦးတည်ပစ်ခတ်ခဲ့သည်။ အဆိုပါ ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုသည် ၁ နာရီနီးပါးကြာမြင့်ခဲ့ပြီး လူ ၁၃ ဦး သေဆုံးခဲ့ကာ ၇ ဦးမှာ ကလေးငယ်များဖြစ်သည်။ **(Yuzana, 2022)** ထို့အပြင် ဒဏ်ရာရသူ ၂၀ ဦးကို စစ်အုပ်စုမှ ဖမ်းဆီးခေါ်ဆောင်သွားပြီး မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကို မသိရှိရသေးကြောင်း ဖခင်တဦးက **DVB** သတင်းဌာနသို့ ဖြေကြားခဲ့သည်။ **(DVB, 2022)**



လက်ယက်ကုန်း ဘုန်းကြီးကျောင်းကို လေကြောင်းတိုက်ခိုက်မှု

ရင်းမြစ်: Radio Free Asia



လက်ယက်ကုန်းဘုန်းကြီးကျောင်းကို လေကြောင်းတိုက်ခိုက်မှု

ရင်းမြစ်: Cable News Network

## ဖြစ်စဉ် ၂ အနန့်ပါအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တည်ထောင်ခြင်း (၆၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အတွက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အရပ်သားများ၊ အနုပညာရှင်များနှင့် နိုင်ငံရေးခေါင်းဆောင်များစုပေါင်းကာ ဖားကန့်၊ အနန့်ပါကျေးရွာတွင် ဖျော်ဖြေရေးနှင့် ဂီတပွဲများ ပြုလုပ်ခဲ့သည်။ ညတွင် လူအုပ်အတွင်းသို့ **Yak-130** အမျိုးအစား လေ့ကျင့်ရေးဂျက်တိုက်လေယာဉ်ဖြင့် ဗုံး ၃ လုံး ကြဲချခဲ့ရာ လူ ၆၂ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ စစ်အုပ်စုသည် လူစုလူဝေးကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ရုံသာမက ဒဏ်ရာရသူများ၏ ဆေးဝါးကုသခွင့်ကို ပိတ်ပင်ခဲ့သောကြောင့် သေဆုံးသူဦးရေ တိုးလာပြီး အခင်းဖြစ်ပွားပြီးနောက် ၅ ရက်အကြာတွင် သေဆုံးသူ ၇၅ ဦး ထိရှိခဲ့သည်။ **(Zan. 2022)**



❝ အများစုက စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိနေပြီးတော့ ဆေးရုံမပို့နိုင်တာကြောင့် သေဆုံးသူ အရေအတွက် ဆက်တိုးလာနိုင်ပါတယ် ❞

KIA ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးကြီးနော်ဘူ
(The Irrawaddy, 2022)




အနန့်ပါတွင် စစ်အုပ်စုမှ လေယာဉ်ဖြင့် ဗုံးကြဲအပြီး မြင်တွေ့ရစဉ်

ရင်းမြစ်: Voice of America

## ၅.၃။ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ (၂၀၂၃)

၂၀၂၃ ခုနှစ်၊ ပထမ ၄ လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်မှုအရေအတွက်မှာ ၄၅၄ ကြိမ် (ဖြစ်နိုင်ခြေ ၄၆၃[၁၅] ကြိမ်) ရှိခဲ့သည်။ အထူးသဖြင့် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ ရှမ်းဒေသတို့တွင် အဆိုပါလေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သား ၂၉၂ ဦး သေဆုံးခဲ့သည်။ ၂၀၂၁၊ ၂၀၂၂ ခုနှစ်များနှင့် နှိုင်းယှဥ်ပါက ၂၀၂၃ ခုနှစ်တွင် စစ်အုပ်စု၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုမှာ ပိုမိုမြင့်တက်လာခဲ့သည်။





စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုအရေအတွက်

ရင်းမြစ်: ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏အချက်အလက်ကောက်ယူရရှိမှုမှ ထုတ်နှုတ်ထားသည်။

[၁၄] ဖော်ပြထားသော လေကြောင်းတိုက်ခိုက်မှုအရေအတွက်များသည် လုံခြုံရေးနှင့် စစ်ရေးပျူဟာများကြောင့် မြေပြင်အခြေထက်နည်းနိုင်သည်။

# လေကြောင်းတိုက်ခိုက်မှုအရေအတွက်
# (၂၀၂၃ ဇန်နဝါရီ- ဧပြီ)

၁ ၁၉ ၃၈




## မြို့နယ်အလိုက် အမြင့်ဆုံးလေကြောင်းတိုက်ခိုက်မှုအကြိမ်ရေနှင့် အရပ်သားသေဆုံးမှုအရေအတွက်

| စဉ် | မြို့နယ် | အကြိမ်ရေ | မြို့နယ် | သေဆုံးမှု |
|---|---|---|---|---|
| ၁ | မင်းတပ်၊ ထန်တလန် | ၃၈ | ကန့်ဘလူ | ၁၆၈ |
| ၂ | နောင်ချို | ၃၀ | ပင်လောင်း | ၃၁ |
| ၃ | ပင်လောင်း | ၂၉ | ထန်တလန် | ၁၈ |
| ၄ | ကြာအင်းဆိပ်ကြီး၊ ဒီမောဆို | ၂၇ | ဖလမ်း၊ ဖာပွန် | ၁၁ |
| ၅ | ကော့ကရိတ် | ၂၁ | ယင်းမာပင် | ၉ |

## ဖြစ်စဉ် ၁ ပဇီကြီးအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု

၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ရွာသား ၁၆၈ ဦး သေဆုံးခဲ့သည်။ ကျေးရွာအစွန်ရှိ ဒေသအုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲကျင်းပရာ အဆောက်အအုံတွင် လူအများစုဝေးလျက်ရှိပြီး အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အနီးအနားကျေးရွာများမှ ဧည့်သည်များ ပါဝင်သည်။ နံနက် ၈ နာရီခန့်တွင် ဒေသအုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲကျင်းပရာ အဆောက်အအုံကို စစ်အုပ်စု၏ တိုက်လေယာဉ်တစင်းမှ ဗုံး ၂ လုံးလာရောက်ကြဲခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ကြသည့် ရွာသားများကို ရဟတ်ယာဉ်တစင်းဖြင့် လိုက်လံပစ်ခတ်သတ်ဖြတ်ခဲ့သည်။ စစ်အုပ်စုသည် ၎င်းတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်သည့် စေတနာ့ဝန်ထမ်းများကို တိုက်လေယာဉ်ဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ပဇီကြီးကျေးရွာသည် ၁ ရက်အတွင်း လေကြောင်းတိုက်ခိုက်မှု ၃ ကြိမ်ခံစားခဲ့ရပြီး အုပ်ချုပ်ရေးမှူး ၁၈ ဦးနှင့် အရပ်သား ၁၆၈ ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူများထဲတွင် အသက် ၁၈ နှစ်အောက် ကလေးငယ်အယောက် ၄၀၊ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ၄၆ ဦးနှင့် ကျား/မ ခွဲခြားမရသူ ၄ ဦးတို့ ပါဝင်ခဲ့သည်။ အခင်းဖြစ်ပွားသည့် ပဇီကြီးကျေးရွာသို့ ယခင်က စစ်အုပ်စုမှ စစ်ကြောင်းဝင်ရောက်မှု ၂ ကြိမ်ရှိခဲ့သော်လည်း ကျေးရွာအတွင်းတွင် စစ်အုပ်စုနှင့် တော်လှန်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားမှုမရှိခဲ့ပါ။ သို့သော် ပဇီကြီးကျေးရွာအနောက်ဘက်ရှိ ကျေးရွာများကို စစ်အုပ်စုမှ တိုက်ခိုက်မှုများရှိခဲ့ပြီး ရဟတ်ယာဉ်များကို မကြာခဏတွေ့မြင်ခဲ့ရကြောင်းသိရသည်။ ပဇီကြီးကျေးရွာကို လေကြောင်းစစ်ဆင်ရေးပြုလုပ်ပြီးသည့်နောက် ၁ ပတ်အကြာတွင် ကန့်ဘလူမြို့နယ်သို့ စစ်အုပ်စုမှ စစ်ကြောင်း ၃ ကြောင်းဖြင့် ဝင်ရောက်ခဲ့ပြီး ပဇီကြီးကျေးရွာကို စစ်သား ၂၀၀ ခန့်ဝင်ရောက်ကာ နယ်မြေရှင်းလင်းရေးလုပ်ဆောင်ခဲ့သည်။ ပဇီကြီးရွာသား ၃၀၀ ကျော်နှင့် အနီးတဝိုက်ရှိ ကျေးရွာ ၆ ရွာမှ ထောင်နှင့်ချီသည့် အရပ်သားများမှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။



ပဇီကြီးရွာလေကြောင်းတိုက်ခိုက်မှုအပြီး မြင်ကွင်း ရင်းမြစ်: PVTV



၂၀၂၃ ခုနှစ်၊ ဧပြီလ
စစ်ကိုင်း၊ ပဇီကြီးကျေးရွာတွင်
ဖြစ်ပွားခဲ့သော
အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု

ရင်းမြစ်: MOH, NUG



“

အသက်ရှင်ကျန်ရစ်သူနည်းလို့
လူသေအလောင်းတွေကို ခွဲဖို့ ခက်ပါ
တယ်။ ပြီးတော့ ပစ်ခတ်မှုကြောင့်
အလောင်းတွေ မီးလောင်သွားတယ်။
ပုပ်ပွနေပြီး ကောက်ယူဖို့ တော်တော်
ခက်တယ်။

”

မြေပြင်ရှိ စေတနာ့ဝန်ထမ်းတဦးနှင့်
အင်တာဗျူးမှ



ပဇီကြီးရွာလေကြောင်းတိုက်ခိုက်မှုအပြီး မြင်တွေ့ရသော ကလေးငယ်

ရင်းမြစ်: Yangon Khit Thit Media

ဖြစ်စဉ် ၂ ချင်းဒေသတွင် လေကြောင်းတိုက်ခိုက်ခံရမှု

ထန်တလန်မြို့နယ်၊ ခွာဖိုကျေးရွာ

စစ်အုပ်စုသည် မတ်လ ၃၀ ရက်တွင် ချင်း၊ ထန်တလန်မြို့နယ်၊ ခွာဖိုကျေးရွာကို Mi-35 တိုက်ခိုက်ရေး ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားမှုမရှိသည့် ခွာဖိုးကျေးရွာရှိ အရပ်သားများနှင့် နေအိမ်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့်အတွက် အရပ်သား ၁၀ ဦးသေဆုံးကာ ကျေးရွာ ပျက်စီးခဲ့ရသည်။

ဖလမ်းမြို့နယ်၊ ဝေဘူလမြို့

စစ်အုပ်စုသည် ၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်နေ့တွင် ဖလမ်းမြို့နယ်နှင့် ပဇီကြီးကျေးရွာတို့ကို တပြိုက်နက်တည်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ဖလမ်းမြို့နယ်တွင်လည်း မြေပြင်တိုက်ပွဲဖြစ်ပွားမှုမရှိသော်လည်း ဝေဘူလမြို့ အထက်တန်းကျောင်းကို တိုက်လေယာဉ်တစီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အထက်တန်းကျောင်းတွင် နေထိုင်သူ ၉ ဦးထက်မနည်းသေဆုံးခဲ့သည်။ CNDF ၏ ထုတ်ပြန်ပြောဆိုချက်အရ မဏိပူရမြစ်အနီးတွင် ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးကို တုံ့ပြန်သည့်အနေဖြင့် စစ်အုပ်စုသည် အရပ်သားများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။ (Zaw. 2023)



လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများ၏စျာပနအခမ်းအနား
ရင်းမြစ်: Democratic Voice of Burma

# ၆။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို တုံ့ပြန်ရန် ကြိုးပမ်းခြင်း

## ၆.၁။ လေယာဉ်ပျံသန်းမှုကင်းမဲ့ဇုန်

စစ်အုပ်စုသည် လူမျိုးစုတော်လှန်ရေးအင်အားစုများနှင့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရှိခဲ့သော်လည်း အကြိမ်ကြိမ်ချိုးဖောက်ကာ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။ နွေဦးတော်လှန်ရေး အစောပိုင်းကာလ ၂၀၂၁ခုနှစ်၊ ဧပြီလအတွင်းမှာပင် သံအမတ်ကြီးဦးကျော်မိုးထွန်းက လေယာဉ်ပျံသန်းမှုကင်းမဲ့ဇုန်နှင့် နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ပေးရန် ကမ္ဘာ့ကုလသမဂ္ဂကို တောင်းဆိုခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုကလည်း နိုင်ငံတကာအနေဖြင့် နိုင်ငံအတွင်း လေယာဉ်ပျံသန်းမှုကင်းမဲ့ဇုန် သတ်မှတ်ပေးခြင်းဖြင့် အရပ်သားများနှင့် အရပ်သားများနေထိုင်ရာဒေသများကို စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ခြင်းမှ ကာကွယ်ပေးရန် တောင်းဆိုခဲ့ကြသည်။ သို့သော် စစ်အုပ်စုသည် ချင်း၊ စစ်ကိုင်း၊ မကွေး၊ ကရင်နှင့် ကရင်နီရှိ ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှု အရှိန်မြှင့်တင်လာခဲ့သည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကရင်အမျိုးသားအစည်းအရုံး **(KNU)**၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ **(KNPP)** နှင့် ချင်းအမျိုးသားတပ်ဦး **(CNF)**တို့မှ ကုလသမဂ္ဂအထူးသံတမန် နိုလင်းဟေဇာ၏ အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးအစီအစဉ်တွင် လေယာဉ်ပျံသန်မှုကင်းမဲ့ဇုန် ထည့်သွင်းကြေညာပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို တိုက်တွန်းခဲ့သည်။ **(The Irrawaddy, 2022)**

အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းစစ်ဆင်ရေး တိုးမြှင့်ဆောင်ရွက်လာမှုကြောင့် သေဆုံးရသည့် အရပ်သားအရေအတွက် ပိုမိုများပြားလာခြင်းကို တားဆီးကာကွယ်နိုင်ရန်အတွက် လေယာဉ်ပျံသန်းမှုကင်းမဲ့ဇုန်ကြေညာရန် လိုအပ်ကြောင်း ဥရောပပါလီမန်ရှိ ဆိုရှယ်လစ်နှင့် ဒီမိုကရက်အဖွဲ့များက ၎င်းတို့၏ မိတ်ဖက်များနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တိုက်တွန်းတောင်းဆိုခဲ့ကြသည်။ **(S&D, 2022)** လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ လေယာဉ်ပျံသန်းမှုကင်းမဲ့ဇုန် သတ်မှတ်ပေးရန် တောင်းဆိုချက်ကို နိုင်ငံတကာမှ အလေးအနက်ထားတုံ့ပြန်ခြင်း၊ အရေးယူဆောင်ရွက်ပေးခြင်းမရှိသည်ကို တွေ့ရသည်။ လေယာဉ်

ပျံသန်းမှုကင်းမဲ့ဇုန်သတ်မှတ်နိုင်ရန် ကုန်ကျစရိတ်ကြီးမားခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ သဘောတူညီမှုရယူရန်လိုအပ်ခြင်း၊ ကျူးကျော်ဝင်ရောက်မှုများနှင့် ကမ္ဘာ့နိုင်ငံရေး ဩဇာအာဏာထိန်းညှိခြင်းများကို အလေးပေးစဉ်းစားမှုများကြောင့် နိုင်ငံတကာအနေဖြင့် လေယာဉ်ပျံသန်းမှုကင်းမဲ့ဇုန်သတ်မှတ်ရေးကို ပြန်လည်တုံ့ပြန်မှုမရှိခြင်းဖြစ်နိုင်သည်။

## ၆.၂။ လေယာဉ်ဆီတင်ပို့မှု ရပ်ဆိုင်းခြင်း

နွေဦးတော်လှန်ရေးစတင်သည့်အချိန်မှအစပြု၍ စစ်အုပ်စု၏ထုတ်ကုန်များနှင့် ၎င်းတို့ကို ထောက်ခံအားပေးသူများအား သပိတ်မှောက်ခြင်းဖြင့် ၎င်းတို့၏ငွေကြေးစီးဆင်းမှုနှင့် အရင်းအမြစ်များကို ဖြတ်တောက်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ အရပ်ဘက်အဖွဲ့အစည်း များနှင့် တော်လှန်ရေးအဖွဲ့များသည် လောင်စာဆီကုမ္ပဏီများအနေဖြင့် စစ်အုပ်စုကို လောင်စာဆီရောင်းချမှု ရပ်တန့်ရန် ဖိအားပေးကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် စစ်အုပ်စု အတွက် လေယာဉ်ဆီနှင့် စစ်လက်နက်ခဲယမ်းများကို ရောင်းချပေးနေသည့် စီးပွားရေး လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများကို ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် နိုင်ငံတကာအသိုင်း အဝန်းကို တောင်းဆိုလျက်ရှိသည်။ စစ်အုပ်စု၏ အရပ်သားပြည်သူများကို ပစ်မှတ်ထား သည့် လေကြောင်းတိုက်ခိုက်မှုများကို ရပ်တန့်နိုင်ရန် နိုင်ငံတကာအသိုင်းအဝန်းမှ အလေး အနက်ထားပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

၂၀၂၁ ဖေဖော်ဝါရီနောက်ပိုင်းကာလများမှစတင်၍ အမေရိကန်၊ ယူကေ၊ ကနေဒါ၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျတို့သည် စစ်အုပ်စုနှင့် ဆက်နွယ်လျက်ရှိသည့် စီးပွားရေး လုပ်ငန်းရှင် ခရိုနီများကို ပိတ်ဆို့အရေးယူခြင်း၊ ဘဏ္ဍာရေးနှင့် လေကြောင်းထောက်ပံ့မှု များကို ပိတ်ဆို့အရေးယူခြင်းများပြုလုပ်ခဲ့သဖြင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် တော်လှန်ရေးအင်အားစုများ၏ ကြိုးပမ်းမှုများသည် အောင်မြင်မှုတစုံတရာရရှိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ မတ်လကုန်တွင် အမေရိကန်၊ ယူကေနှင့် ကနေဒါတို့က လေယာဉ်ဆီ ရောင်းချသည့် လူပုဂ္ဂိုလ်တဦးချင်းနှင့် အဖွဲ့အစည်းစုစုပေါင်း ၆ ခု - **Asia Sun Group and Trading and Cargo Link Petroleum Logistics**ကို ပိတ်ဆို့အရေးယူကြောင်း ထုတ်ပြန်ခဲ့သည်။ **(OFAC, 2023)** ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ထုတ်ပြန်

ချက်များအရ ဥရောပသမဂ္ဂ သည် လူ ၉၃ ဦးနှင့် အဖွဲ့အစည်းပေါင်း ၁၈ခုကိုလည်း ပိတ်ဆို့အရေးယူထားပြီးဖြစ်သည်။ **(Aljazeera, 2023)** ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများ၏ လက်မှတ်ရေးထိုးတောင်းဆိုချက်များနှင့် ဖိအားပေးခြင်းများကြောင့် **Woodside**၊ **Total**၊ **Petronas**၊ **ENEOs**၊ **Mitsubishi** နှင့် **Chevron** ကဲ့သို့သော စွမ်းအင်နှင့် လောင်စာဆီဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံမှ ထွက်ခွာမည်ဟု ကြေညာခဲ့သည်။ **(Nyan Lynn Thit Analytica, 2023)** သို့သော် **Amnesty International** ၏ **Deadly Cargo** အရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း **(MOGE)** သို့ လေယာဉ်ဆီ ထောက်ပံ့ပေးနေသည့် **PTTEP** နှင့် **Puma Energy** ကဲ့သို့ အဖွဲ့အစည်းများမှာ ဆက်လက်ကျန်ရှိနေသေးသည်။

အကြမ်းဖက်စစ်အုပ်စုသည် ၎င်း၏မိတ်ဖက်နိုင်ငံများဖြစ်ကြပြီး စစ်လေယာဉ်များရောင်းချပေးနေသည့် ရုရှားနှင့် တရုတ်နိုင်ငံတို့ကိုသာ နိုင်ငံတကာအင်အားစုများအဖြစ် သတ်မှတ်ထားသည်။ ထို့အပြင် **ISP Myanmar - China Desk** ၏ လေ့လာချက်များအရ တရုတ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ၅၆ ရာခိုင်နှုန်းဖြင့် ကုန်သွယ်မှုအများဆုံး ဒေသတွင်းနိုင်ငံများဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအနေဖြင့် စစ်အုပ်စုကို ရေနံနှင့် လက်နက်ခဲယမ်းရောင်းချခြင်းအား တားမြစ်ပိတ်ပင်သည့် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများကို လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းလမ်းသစ်များရှာဖွေရန် လိုအပ်သည်။ နိုင်ငံတကာရှိအစိုးရများအနေဖြင့် စစ်အုပ်စုအား ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို သက်ဆိုင်ရာနိုင်ငံများ၏ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်မူဝါဒများကို ပြင်ဆင်ခြင်းဖြင့် ထိရောက်သော အရေးယူမှုဖြစ်စေရမည်။ နိုင်ငံအလိုက်ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများရှိနေသည့်တိုင် စစ်အုပ်စုအနေဖြင့် ၎င်းတို့၏ စီးပွားရေးမိတ်ဖက်များနှင့် ဆက်လက်ပူးပေါင်းလုပ်ဆောင်ခွင့်ရနေသည့် အခြေအနေများကို အမြန်ဆုံးရပ်တန့်နိုင်ရန်လိုအပ်သည်။ စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များနှင့် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှ ကာကွယ်ရန်အတွက် လိုအပ်သည့် မူဝါဒနှင့် ဆုံးဖြတ်ချက်များကို ထိရောက်စွာမလုပ်ဆောင်နိုင်ပါက မြေပြင်တွင်အသက်ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။

# ၇။ စစ်အုပ်စု၏ လေကြောင်းအသုံးပြု သတ်ဖြတ်မှုများနှင့် နိုင်ငံတကာရပ်တည်ချက်

အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများမှာ ၂ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း စစ်အုပ်စုသည် ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတချို့၏ အသိအမှတ်ပြုမှုရရှိကာ ဆက်လက်ရပ်တည်ခွင့်ရနေဆဲဖြစ်သည်။ နိုင်ငံတကာ၏ ပျော့ပျောင်းမှုရှိသည့် ဖိအားများနှင့် ကျောထောက်နောက်ခံပေးထားသကဲ့သို့ ဖြစ်စေသည့် မူဝါဒများကြောင့် စစ်အုပ်စုအနေဖြင့် စစ်အာဏာဆက်လက်ကျင့်သုံးရန် အခွင့်သာနေသည့်အခြေအနေဖြစ်သည်။ စစ်အုပ်စုနှင့် စစ်ခေါင်းဆောင်များထံသို့ စစ်လက်နက်အင်အားနှင့် ဘဏ္ဍာငွေများ ဆက်လက်စီးဆင်းနေသည့် အခြေအနေတွင် နိုင်ငံတကာ၏ အားပျော့သည့်ဖိအားများမှာ စစ်အုပ်စု၏အကြမ်းဖက်စစ်ဆင်ရေးများကြောင့် သေဆုံးနေရသည့်ပြည်သူများကို ကယ်တင်နိုင်ခြင်းမရှိသော အခြေအနေသို့ ဆိုက်ရောက်လျက်ရှိသည်။

အာဆီယံအပါအဝင် နိုင်ငံတကာသည် ပြည်သူလူထုကြုံတွေ့ရင်ဆိုင်နေရသည့် အကြမ်းဖက်မှုများကို ရပ်တန့်နိုင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကိုဖြေရှင်းရန် “အာဆီယံဘုံသဘောတူညီချက် ၅ ရပ်” ဘောင်အတွင်းတွင် ပိတ်မိမနေရန် လိုအပ်ပါသည်။ ”အာဆီယံဘုံသဘောတူညီချက် ၅ ရပ်”ကို ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် မင်းအောင်လှိုင်နှင့် စစ်အုပ်စုအနေဖြင့် သဘောတူခဲ့သော်လည်း အရပ်သားများအပေါ် အကြမ်းဖက်သည့်လုပ်ရပ်များကို ဆက်လက်ကျူးလွန်လျက်ရှိသည်။ သက်တမ်းကာလ ၂ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည့် ဘုံသဘောတူညီချက် ၅ ချက်မှာ အရပ်သားများကို အကာအကွယ်မပေးနိုင်သည့်အတွက် အလုပ်မဖြစ်တော့ကြောင်းနှင့် စစ်အုပ်စုအနေဖြင့် သဘောတူညီချက်များကို လိုက်နာမှုမရှိကြောင်း/လိုက်နာရန် အစီအစဉ်မရှိကြောင်းကိုလည်း အာဆီယံနှင့် နိုင်ငံတကာအနေဖြင့် သဘောပေါက်ရန်လိုအပ်သည်။ စစ်အုပ်စု၏ အကြမ်းဖက်မှုများကြောင့် ဖြစ်ပေါ်လာသော နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့် ပတ်သက်၍လည်း ကုလသမဂ္ဂနှင့် အာဆီယံတို့အနေဖြင့် ဘုံသဘောတူညီချက် ၅ ရပ်ကိုကျော်လွန်ပြီး ထိရောက်သည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ခြင်းမရှိပေ။ အာဆီယံအနေဖြင့် လူထု၏ လက်ရှိ

အကျပ်အတည်းကို ဖြေရှင်းနိုင်စေမည့် ထိရောက်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် လိုအပ်လျက်ရှိသည်။ ထို့အပြင် အာဆီယံအပါအဝင် ကုလသမဂ္ဂနှင့်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့်လည်း စစ်အုပ်စု၏ တရားလက်လွတ်သတ်ဖြတ်မှုများနှင့် စစ်ရာဇဝတ်မှု ကျူးလွန်မှုများကို ထိရောက်စွာအရေးယူဖြေရှင်းနိုင်ခြင်းမရှိဘဲ ကြန့်ကြာနေခြင်းသည် စစ်အုပ်စုအနေဖြင့် ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက်ကျူးလွန်ခွင့်ရရန် အခွင့်အရေး ပေးသကဲ့သို့ဖြစ်နေသည်။ လက်ရှိ စစ်အုပ်စုကျင့်သုံးလျက်ရှိသည့် စစ်ရေးနည်းဗျူဟာ များသည် နည်းလမ်းသစ်၊ မဟာဗျူဟာသစ်များမဟုတ်ဘဲ ဆယ်စုနှစ်များစွာကျင့်သုံးခဲ့ သည့် နည်းဗျူဟာများဖြစ်သည့်အတွက် နိုင်ငံတကာအနေဖြင့် စစ်အုပ်စုကို ထိရောက်စွာ အရေးယူနိုင်ရေးနှင့်ပတ်သက်၍ နည်းလမ်းဟောင်းများကို အသုံးပြုခြင်းထက် ပိုမို သစ်လွင်၍ ထိရောက်မည့်နည်းနာများကို ကျင့်သုံးနိုင်ရန် ကြိုးစားရမည် ဖြစ်သည်။ စစ် အုပ်စုကို စစ်လေယာဥ်များ၊ လေကြောင်းဆက်စပ်ပစ္စည်းများရောင်းချမှုကို ကန့်သတ်ပိတ် ပင်ထားသော်လည်း ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့် စင်္ကာပူတို့မှ စစ်အုပ်စု ဆက်လက် ရပ်တည်နိုင်ရေးကို အထောက်အပံ့ပေးလျက်ရှိသည်။

စင်ကာပူအခြေစိုက်လုပ်ငန်းတခုမှ ဒရုန်းကာကွယ်ရေးပစ္စည်းများတင်သွင်းခြင်း၊ ထိုင်း အခြေစိုက် **PTTEP** မှ လေယာဥ်ဆီတင်သွင်းခြင်း စသကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ လုပ်ငန်းများမှ စစ်ရေးဆိုင်ရာပစ္စည်းအချို့ကို တင်သွင်းကြောင်း အထောက်အထားများကို ကြည့်ခြင်းအားဖြင့် အာဆီယံနိုင်ငံများ၊ အဖွဲ့အစည်းများ၏ စစ်အုပ်စုနှင့် ပူးပေါင်းမှုကို အရေးယူကန့်သတ်နိုင်ရန်လိုအပ်ကြောင်း သက်သေထူလျက်ရှိသည်။ အနောက်နိုင်ငံ များ၏ ပိတ်ဆို့အရေးယူမှုများရှိသော်လည်း စစ်အုပ်စုအပေါ် ထိရောက်စွာ ဖိအားပေးနိုင် ရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့် ဒေသတွင်းအဖွဲ့အစည်းဖြစ်သော အာဆီယံ နှင့် အိမ်နီးချင်းနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းနေဆဲဖြစ်ပြီး စစ်အုပ်စု သည် ရေနံ၊ လက်နက်ရောင်းဝယ်ရေးနှင့် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများတွင် ဆောင်ရွက် ခွင့်ရနေဆဲဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံ၌ ပါဝင်သည့် ရုရှားနှင့် တရုတ် နိုင်ငံတို့သည် စစ်အုပ်စုလိုအပ်သည့် စစ်လေယာဥ်နှင့် နည်းပညာများကို အဓိကပံ့ပိုးပေး လျက်ရှိသည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့၏ ရပ်တည်ချက်နှင့် လုပ်ရပ်များသည် မြန်မာနိုင်ငံ ရှိ အကျပ်အတည်းများကို ဖြေရှင်းနိုင်ရန် အလှမ်းဝေးကြန့်ကြာစေလျက်ရှိသည်။ ထို့အတူ

သက်ဆိုင်ရာအစိုးရများ၏စစ်အုပ်စုကိုပိတ်ဆို့အရေးယူမှုများသည်၎င်းနိုင်ငံများရှိပုဂ္ဂလိက လုပ်ငန်းများ၏ မူဝါဒနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုကိုလည်း အကျုံးဝင်စေရမည် ဖြစ်သည်။ ဒဏ်ခတ်ပိတ်ဆို့မှုများမည်မျှပင်ပြုလုပ်၍ ဖိအားပေးစေကာမူ ပုဂ္ဂလိကလုပ်ငန်း များသည် စစ်အုပ်စုနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ညှိနှိုင်း ဆောင်ရွက်နေနိုင်ပါက စစ်အုပ်စု၏ ထိပ်ပိုင်းပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ စစ်ဆင်ရေးများကို ဆက်လက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် အရပ်သားများအတွက် အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည့်အပြင် အရပ်သားများအပေါ် ဦးတည်တိုက်ခိုက်နေခြင်းမှ ကာ ကွယ်ပေးရန်အတွက် လုံခြုံရေးအစီအမံများကိုပါ နိုင်ငံတကာမှ လုပ်ဆောင်ပေးရန် လိုအပ်သည်။

နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများ၏ မူဝါဒနှင့် လုပ်ငန်းစဥ်များမှာ မြန်မာနိုင်ငံ အရေးနှင့်ပတ်သက်၍ လုံလောက်သော အရေးယူဆောင်ရွက်မှု ရှိ/မရှိ မေးခွန်းထုတ်ရန် အချိန်တန်ပြီဖြစ်သည်။ နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများအနေဖြင့် စစ်အုပ်စုနှင့် စစ်အုပ်စု၏ ရာထူးကြီးပုဂ္ဂိုလ်များကို အရေးယူရာတွင် ရှုံ့ချခြင်းနှင့် ထိရောက်မှုအားနည်း သည့် ပိတ်ဆို့အရေးယူမှုများထက် ပိုမိုလုပ်ဆောင်နိုင်စွမ်းရှိပါသည်။ သို့သော် အမေရိ ကန်နှင့် မဟာမိတ်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများသည် ၎င်းနိုင်ငံများ၏ ဒီမိုကရေစီ တန်ဖိုးများ မြှင့်တင်ရေးထက်မပိုသော လုပ်ဟန်များဖြစ်သည်။ **"အမှန်တော့ အမေရိကန် (ဒါမှမဟုတ် နေတိုး) က အနောက်နိုင်ငံတွေရဲ့ အကျိုးစီးပွားနဲ့ မသက်ဆိုင်ဘူးဆိုရင် ဘယ် အစုအဖွဲ့ပဲ လူမျိုးတုံးသတ်ဖြတ်ခံရခံရ အမှန်တကယ် ဂရုမစိုက်ပါဘူး"** ဟု ဒေါက်တာ ဇာနည်မှ မှတ်ချက်ပြုထားပါသည်။ **(Zarni, 2022)** စစ်အုပ်စု၏ လူမျိုးတုန်းသတ်ဖြတ်မှု များတွင် နိုင်ငံတကာမှ ကြားဝင်ဆောင်ရွက်မှု မရှိသော်လည်း ယူကရိန်းနိုင်ငံကို ရုရှားမှ ကျူးလွန်ခဲ့သော လူမျိုးတုံးသတ်ဖြတ်မှုအတွက် အရေးယူနိုင်ရေးကို ဆောင်ရွက်မည်ဟု နိုင်ငံ ၃၃ နိုင်ငံမှ ထုတ်ပြန်ကြေညာထားသည်နှင့် နှိုင်းယှဥ်ပါက ၎င်းနိုင်ငံများ၏ ဒီမိုကရေ စီနှင့် လူ့အခွင့်အရေးစံတန်ဖိုးများမှာ မေးခွန်းထုတ်စရာဖြစ်လျက်ရှိသည်။ **(University of Tasmania, 2023)** လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတို့အတွက် ဆောင်ရွက်ရာတွင် ကိုယ်ကျိုးစီးပွားများထက် ကျော် လွန်စဥ်းစားဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံရေးအာဏာတည်ဆောက်မှု၊ မဟာမိတ် အကျိုးစီးပွားများ (အာဏာနိုင်ငံရေးနှင့် စီးပွားရေး) တို့ထက် လူသားဘဝလုံခြုံရေးအတွက်

ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးကို ဦးတည်ဆောင်ရွက်ရမည်။ နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် ကိုယ်ကျိုးစီးပွားနှင့် အသားရောင်အခြေပြုလူမျိုးရေးခွဲခြားစဥ်းစားချက်များကြောင့် စစ်အုပ်စုကို အရေးယူနိုင်ရေးနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များ တုံ့နှေးနေခြင်းသည် စစ်အုပ်စုအနေဖြင့် မြန်မာအရပ်သားပြည်သူများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နိုင်ရန် အထောက်အပံ့ဖြစ်နေသည်ကို သိရှိရန်လိုအပ်ပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာ့နိုင်ငံရေးနောက်ကြောင်းပြန်မှုနှင့် စစ်အုပ်စု၏ ရက်စက် ကြမ်းကြုတ်သည့်လုပ်ရပ်များ စတင်လာချိန်တွင် ထိရောက်စွာရပ်တည်နိုင်ခြင်းမရှိဘဲ နှုတ်ဆိတ်နေခဲ့မိကြောင်း ဝန်ခံရမည်ဖြစ်သည်။ တဘက်တွင် တရုတ်နိုင်ငံသည် ၎င်းတို့၏ စီးပွားရေးနှင့် ပထဝီနိုင်ငံရေး အကျိုးစီးပွားများအတွက်၊ မြန်မာ့နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်နေပြီး လူထုအကျိုးစီးပွားကို ထည့်သွင်းစဥ်းစားမှုမရှိသည်ကို တွေ့ရသည်။ သို့သော် အနောက်နိုင်ငံများအနေဖြင့် မြန်မာ့ပထဝီအနေအထားသည် အခြားသောနိုင်ငံများနှင့် နှိုင်းယှဥ်ပါက ၎င်းတို့ အာဏာစက်ဝန်းအတွက် အရေးပါသည့် အနေအထားတွင်မရှိသည့်အတွက် ၂၀၂၁ နွေဦးတော်လှန်ရေးကာလအလွန်ကာလ အခင်းအကျင်းများကို မျက်ကွယ်ပြုထားကြသည်။ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုကို အမှန်တကယ်ဆောင်ကျဥ်းပေးနိုင်မည်မဟုတ်သည့် ရေတိုနိုင်ငံရေးဖြေရှင်းနည်းများကို အသုံးပြု၍ စစ်အုပ်စုနှင့် စေ့စပ်ညှိနှိုင်းရေးလမ်းကြောင်းပေါ် တွန်းတင်ပေးသည့် လုပ်ရပ်များမှာ ရေရှည်နိုင်ငံရေးတည်ငြိမ်မှုနှင့် အသွင်ကူးပြောင်းမှုကာလတရားမျှတမှုကို ဆောင်ကျဥ်းပေးနိုင်မည်မဟုတ်သည်ကို နိုင်ငံတကာအနေဖြင့် သဘောပေါက်ရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောင်းပိုင်းကာလများမှစ၍ ဆယ်စုနှစ်များစွာတည်ရှိခဲ့သည့် အာဏာရှင်စနစ်တွန်းလှန်ရေးနှင့် တရားမျှတမှုတောင်းဆိုသည့်လှုပ်ရှားမှုများ၏ နောက်ဆက်တွဲအဖြစ် နွေဦးတော်လှန်ရေးလှုပ်ရှားမှုသည် အရှိန်အဟုန်မြင့်မားစွာ ပေါ်ထွက်လာခြင်းဖြစ်သည်ကို သတိပြုရန်လိုအပ်သည်။ ထို့ကြောင့်နိုင်ငံတကာသည်နွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးအကျပ်အတည်းတစ်ခုလုံးကို ဖြေရှင်းရန် ချဥ်းကပ်မှုစတင်သောအခါတွင် နွေဦးတော်လှန်ရေးနှင့် ၎င်းတို့၏အကျိုးစီးပွားအထိုင်မှသာ ကောက်ချက်ဆွဲမည့်အစား နိုင်ငံရေးအဆောက်အအုံဆိုင်ရာ အကျပ်အတည်းများကိုပါ ထည့်သွင်းစဥ်းစားရန် လိုအပ်ပါသည်။ နိုင်ငံတကာအနေဖြင့် အကျပ်အတည်းကို ဖြေရှင်း

ရန် သို့မဟုတ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်လိုပါက လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်နေသည့် စစ်အုပ်စု၏ စကားသံများကို နားထောင်ရမည် မဟုတ်ဘဲ တော်လှန်ရေးအစုအဖွဲ့များနှင့် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ၏ အသံများကို နားထောင်ရမည်ဖြစ်သည်။ စစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် နိုင်ငံရေးရည်ရွယ်ချက်အရ မဟုတ်ဘဲ ချိုးဖောက်မှုများကို ရှုတ်ချရန်အတွက်သာ ဖြစ်သင့်သည်။

ဒုတိယကမ္ဘာစစ်ပြီးသည့်အချိန်မှစ၍ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သာမက တရားလက်လွတ်သတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်ဖောက်ဖျက်မှုများမှ ကာကွယ်ရန် နိုင်ငံတကာသည် ကုလသမဂ္ဂ ကဲ့သို့သော အဖွဲ့အစည်းများ၊ သဘောတူညီချက်များနှင့် စာချုပ်များမှတဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းကို ကုစားရန် တရားမျှတမှုကို ဖော်ဆောင်ခြင်းသည် နိုင်ငံတနိုင်ငံချင်းစီ၏ အရေးထက်ကျော်လွန်၍ လူသားမျိုးနွယ်တရပ်လုံးနှင့် သက်ဆိုင်ပါသည်။ မြန်မာနိုင်ငံတွင် အရပ်သားများသည် စစ်အုပ်စု၏ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရသည်။ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကိုရှာဖွေရန် နိုင်ငံတကာ၏ ယုံကြည်ကိုးစားလောက်သော ဆောင်ရွက်မှုများ ကင်းမဲ့နေခြင်းသည် နိုင်ငံတကာထိတွေ့ဆက်ဆံမှုများနှင့်ယန္တရားများ၏ရည်ရွယ်ချက်တခုလုံးကိုအလေးမထားခြင်းပင်ဖြစ်သည်။





# ၈။ နိုဂုံး

၂၀၂၁ခုနှစ်မှစပြီး နိုင်ငံအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများနှင့်အတူ စစ်အုပ်စု၏ လေကြောင်းစစ်ဆင်ရေး အရေအတွက်လည်း မြင့်တက်လာခဲ့သည်။ စစ်ဆင်ရေးအများစုသည် ကချင်၊ ကရင်၊ ကရင်နီ၊ ရှမ်း၊ ချင်း၊ စစ်ကိုင်းနှင့် မကွေးဒေသတို့တွင် ဖြစ်ပွားခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုများအကြိမ်ရေမြင့်တက်လာခြင်းနှင့်အတူ စစ်အာဏာသိမ်းမှုနောက်ပိုင်း လေကြောင်းတိုက်ခိုက်မှု (၁၄၂၇) ကြိမ် အသုံးပြုခဲ့ပြီး လူ (၆၃၄) ဦး သေဆုံးခဲ့သည်။ ရှေ့တန်းစစ်မြေပြင်တွင် အရေးနိမ့်သည့်အချိန်၊ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ (သို့မဟုတ်) ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လက်ခံရရှိသည့်အချိန်၊ တပ်ဖြန့်သည့်အချိန်နှင့် ကင်းထောက်ရာတွင် စစ်အုပ်စုက လေကြောင်းကို အသုံးပြုသည်။ ရွာများ၊ နေအိမ်အဆောက်အဦးများ၊ ဘာသာရေးအဆောက်အအုံများနှင့် ဆေးရုံများ စသည့် အရပ်သားများနေထိုင်ကြသော နေရာများကို လေကြောင်းတိုက်ခိုက်မှုများ ရက်စက်စွာ ပြုလုပ်ခဲ့သည်။ အရပ်သား ၁၆၈ဦး သေဆုံးခဲ့သည့် ပဇီကြီးကျေးရွာနှင့် အရပ်သား ၆၂ဦး သေဆုံးခဲ့သည့် အနန့်ပါဖြစ်ရပ်များအရ စစ်အုပ်စုမှ အရပ်သားများကို ပစ်မှတ်ထားရည်ရွယ်သည့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ကို သိသာစွာတွေ့မြင်နိုင်သည်။ လေကြောင်းတိုက်ခိုက်ခြင်းသည် ရက်စက်ကြမ်းကြုတ်ပြီး ပိုမိုဆိုးရွားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းကို ဖြစ်ပေါ်စေကြောင်း ဤဖြစ်ရပ်များအရသိရှိနိုင်သည်။ လက်ရှိနှစ်များတွင် စစ်အုပ်စုက လေကြောင်းတိုက်ခိုက်မှုများကို မကြာခဏပြုလုပ်လာသော်လည်း ယုံကြည်ရလောက်သော တားဆီးကာကွယ်ရေးအစီအမံများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ မရရှိဘဲ အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်များမှာ အန္တရာယ်ကြီးမားလျက်ရှိနေဆဲဖြစ်သည်။

စစ်အုပ်စု၏ နိုင်ငံတကာဆက်ဆံရေးသည် အဓိကအားဖြင့် ၎င်းကိုယ်တိုင်ရွေးချယ်ထားသည့် အနည်းငယ်သော မိတ်ဖက်နိုင်ငံများနှင့်သာဖြစ်ပြီး ထိုမှတဆင့် နိုင်ငံတကာနယ်ပယ်သို့ ဝင်ရောက်ခြင်းဖြစ်သည်။ ရုရှား၊ တရုတ်နှင့် အိန္ဒိယတို့သည် လက်နက်များ၊ လေယာဉ်များနှင့် နည်းပညာများကို ၎င်းတို့၏ အကျိုးစီးပွားအတွက်ရောင်းချခြင်းဖြင့် စစ်အုပ်စု၏ မိတ်ဖက်များအဖြစ်ရှိနေကြသည်။ ဒေသတွင်းဇာတ်ကောင်ဖြစ်သည့်ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းတခုကစစ်အုပ်စုကိုလေကြောင်းလောင်စာဆီပံ့ပိုးပေးနေသည်။တဘက်

တွင်လည်း ကုလသမဂ္ဂ၊ အမေရိကန်၊ ယူကေ၊ ကနေဒါနှင့် ဥရောပသမဂ္ဂနိုင်ငံများကဲ့သို့သော နိုင်ငံတကာဇာတ်ကောင်များသည် စစ်အုပ်စု၏လုပ်ရပ်များကို ရှုတ်ချပြီး လက်တွေ့ထိရောက်မှုအားနည်းသည့် ပိတ်ဆို့အရေးယူမှုများကိုသာ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း စစ်အုပ်စုက အာဏာဆက်လက်ချုပ်ကိုင်ထားဆဲဖြစ်ပြီး အဆိုးဆုံးမှာ ဘဏ္ဍာရေးနှင့် စစ်လက်နက်အင်အားကို ကြိုးကိုင်ခြယ်လှယ်နိုင်သည့် အမြင့်ဆုံးအနေအထားတွင် ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအနေဖြင့် ပိတ်ဆို့အရေးယူမှုဟာကွက်အတွင်း ပိတ်မိနေသည်မှာ အံ့သြစရာမဟုတ်ပေ။

နိုင်ငံတကာသည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့် အာဏာသိမ်းရန်ကြိုးပမ်းမှုအပေါ် အခြေခံ၍ လက်ရှိအကျပ်အတည်းနှင့် နိုင်ငံရေးနောက်ကြောင်းပြန်မှု ဖြစ်သည်ဟု ရှုမြင်ကြသည်။ အမှန်တကယ်တွင် စစ်အုပ်စု၏ အာဏာအလွဲသုံးစားမှုသည် သမိုင်းတလျှောက်မည်သည့်အချိန်တွင်မျှ လုံးဝရပ်တန့်သွားခြင်းမရှိပေ။ ၁၉၆၀ပြည့်နှစ်များမှစတင်၍ စစ်အုပ်စုသည် ၎င်းတို့၏ အကျိုးစီးပွားအထိုင်ပေါ်မှ တိုင်းပြည်၏ နိုင်ငံရေးနှင့် စီးပွားရေးဖြစ်စဥ်များကို ကန့်သတ်ထိန်းချုပ်ထားခြင်းကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို မလုပ်ဆောင်နိုင်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံပြဿနာကို ဖြေရှင်းရန်အတွက် အဓိကအားဖြင့် ဗမာလူမျိုးစုအများစုပါဝင်သည့် စစ်အုပ်စုနှင့် တော်လှန်သည့်အစုအဖွဲ့များကြားတွင်ရှိသည့် ရှုပ်ထွေးသော ကာလရှည်နိုင်ငံရေးဖြစ်စဥ်တခုလုံးကို နိုင်ငံတကာက ခြုံငုံကြည့်ရှုရန်လိုအပ်သည်။

စစ်ရေးပစ်မှတ်၊ အရပ်သားပစ်မှတ်ခွဲခြားခြင်းမရှိသော စစ်အုပ်စု၏ ရည်ရွယ်ချက်ရှိရှိ အင်အားသုံးတိုက်ခိုက်မှုများကို ပြည်တွင်းရေးကိစ္စအဖြစ်သာမယူဆသင့်ဘဲ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအဖြစ် ရှုမြင်ရမည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီးတွင် စစ်အုပ်စု၏ လူ့အခွင့်အရေးစံနှုန်းများ၊ ဂျီနီဗာကွန်ဗင်းရှင်းနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေများကို ချိုးဖောက်မှုများသည် နယ်စပ်ဒေသနှင့် မြို့ပြများတွင်ပါ ကျယ်ပြန့်လာခဲ့သည်။ နိုင်ငံတကာအနေဖြင့် အရပ်သားများအပေါ်ကျရောက်နေသော လူလုပ်ဘေးအန္တရာယ်မှ ကာကွယ်ရန်နှင့် ကူညီရန် တာဝန်ရှိပါသည်။ အဖွဲ့အစည်းများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများသည် စစ်အုပ်စု၏ ချိုးဖောက်ကျူးလွန်မှုများကြောင့် နေရပ်စွန့်ခွာနေရသော စစ်ရှောင်ပြည်သူများနှင့် တိုက်ရိုက်

ဆက်ဆံနေသည့် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် အမျိုးသားညီညွတ်ရေးအစိုးရကဲ့သို့သော တော်လှန်ရေးအစုအဖွဲ့များနှင့် ချိတ်ဆက်ကာ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးရေးကို လုပ်ဆောင်သင့်ပါသည်။ ထိုသို့မဟုတ်လျှင် နိုင်ငံတကာသည် ၎င်းတို့၏ လျစ်လျူရှုသော လုပ်ရပ်များကြောင့် စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကျူးလွန်ရာတွင် အသံတိတ်ပူးပေါင်းပါဝင်သည့် အနေအထားသို့ ရောက်ရှိသွားလိမ့်မည်။

# ၉။ အတိုကောက်စကားလုံးများ

| | |
|---|---|
| ASEAN | Association of Southeast Asian Nations |
| CNF | Chin National Front |
| CSO | Civil Society Organization |
| ERO | Ethnic Revolutionary Organization / Ethnic Resistance Organization |
| EU | European Union |
| KNPP | Karenni National Progressive Party |
| KNU | Karen National Union |
| MAF | Myanmar Air Force |
| NUG | National Unity Government |
| OHCHR | Office of the United Nations High Commissioner for Human Rights |
| PDF | People's Defense Force |
| UK | United Kingdom |
| UN | United Nations |
| US | United States of America |

# ၁၀။ ရည်ညွှန်းအကိုးအကား

1. The Irrawaddy
2. Myanmar Now
3. Kachin News Group
4. RFA - Burmese
5. Shan Herald Agency for News
6. Burma News International
7. VOA Burmese
8. Tachileik News Agency
9. Yangon Khit Thit Media
10. The 74 Media
11. Mizzima News
12. Burma VJ
13. Democratic Voice of Burma
14. Than Lwin Khet News
15. 1221 cd.org
16. Golden Hope Defence Force- Ye-U
17. Dragon Urban Guerrilla
18. Shan News- Burmese
19. Karenni Nationalities Defense Force - KNDF B0!
20. Karenni Nationalities Defense Force
21. Myaelatt Athan
22. သံမဏိForce_MPDF Battalion
23. Kachin Waves
24. Khonumthung Burmese
25. Thit Htoo Lwin News
26. Shwe Phee Myay News Agency
27. Mandalay Free Press- MFP
28. PDF Reference News
29. Chatthin Revolution- CTN-R
30. Karen Information Center- KIC
31. Kawlin Revolution - KR
32. People's Spring
33. Than Lwin Times
34. Ayar Times
35. People Revolution Army
36. ရွှေဘိုမြို့နယ်တော်လှန်ရေးတပ်ပေါင်းစု
37. Development Media Group
38. Delta News Agency
39. Chin National Front - Headquarters
40. Myanmar Peace Monitor
41. PSLF- TNLA

# ၁၁။ ကျမ်းကိုးစာရင်း


- ACLED. BBC Dashboard https://acleddata.com/dashboard/#/dashboard
- Aeroflight. World Air Forces "Myanmar Air Force" http://www.aeroflight.co.uk/waf/aaeastasia/burma/burma-af-home.htm
- Aljazeera. 2021 "Myanmar UN envoy urges no-fly zone as over 80 killed" https://www.aljazeera.com/news/2021/4/10/myanmar-un-envoy-urges-no-fly-zone-as-army-crackdown-intensifies
- Amnesty International. 2022 "Myanmar 2022" https://www.amnesty.org/en/location/asia-and-the-pacific/south-east-asia-and-the-pacific/myanmar/report-myanmar/#:~:text=The%20military%20continued%20with%20its,with%20devastating%20consequences%20for%20civilians
- Amnesty International. 2022 "Myanmar: Deadly Cargo: Exposing the supply chain that fuels war crimes in Myanmar" https://www.amnesty.org/en/documents/asa16/6147/2022/en/
- Amnesty International. 2023 "Myanmar: Urgent need to suspend aviation fuel as air strikes wreak havoc". https://www.amnesty.org/en/latest/news/2023/04/myanmar-air-strikes-sagaing/
- Britinnica. 2023 "Weapon of Mass Destruction". https://www.britannica.com/technology/weapon-of-mass-destruction
- Burma Link. 2014 "Overview of Ethnic Conflict" https://www.burmalink.org/background/burma/dynamics-of-ethnic-conflict/overview/
- BNI. 2022 "Save the Children denounces the attack on the school in Lat Yat Kone village" https://www.bnionline.net/en/news/save-children-denounces-attack-school-lat-yat-kone-village
- Chaudhury. 2023. "Pakistan team sent to Myanmar to repair combat aircraft". The Economic Timeshttps://economictimes.indiatimes.com/news/defence/pakistan-team-sent-to-myanmar-to-repair-combat-aircraft/articleshow/98640757.cms?utm_source=contentofinterest&utm_medium=text&utm_campaign=cppst
- Consolidated list of Financial Sanctions Targets in the UK. 2023 https://assets.publishing.service.gov.uk/government/uploads/system/uploads/attachment_data/file/1145954/Myanmar.pdf
- DVB. 2022 "DEPAYIN PARENTS UNABLE TO LOCATE MISSING CHILDREN" https://english.dvb.no/depayin-parents-unable-to-locate-missing-children/
- Geneva Convention. 1949
- ICRC "Legal Protection of Children in Armed Conflicts"
- Head. 2023 "Myanmar: Air strikes have become a deadly new tactic in the civil war". BBC. https://www.bbc.com/news/world-asia-64397397
- ICRC "Protection of Children in International Humanitarian Law" https://www.icrc.org/en/doc/resources/documents/article/other/57jmat.htm
- ISP. 2023 "China and Thailand leading in Neighbors Trade". China studies. ISP Data matters
- Justice for Myanmar. 2021 "EXPOSED: COMPANIES BROKERING ARMS & EQUIPMENT TO MYANMAR MILITARY" https://www.justiceformyanmar.org/stories/exposed-companies-brokering-arms-equipment-to-myanmar-military

- Justice for Myanmar. 2021 "UKRAINE IS ARMING THE MYANMAR MILITARY" https://www.justiceformyanmar.org/stories/ukraine-is-arming-the-myanmar-military
- OFAC. 2023 "Treasury Sanctions Jet Fuel Suppliers and Military Cronies in Burma Prior to Armed Forces Day" https://home.treasury.gov/news/press-releases/jy1364
- OHCHR Myanmar . 2023 "Situation of Human Rights in Myanmar" https://www.ohchr.org/sites/default/files/2023-03/myanmar-factsheet.pdf
- OHCHR Myanmar. 2023 "Military's 'four cuts' doctrine drives perpetual human rights crisis in Myanmar, says UN report" https://www.ohchr.org/en/press-releases/2023/03/militarys-four-cuts-doctrine-drives-perpetual-human-rights-crisis-myanmar#:~:text=The%20military%20employs%20its%20so,elements%20from%20access%20to%20food%2C
- Long. 2022. "The Karen National Union in Post-Coup Myanmar" . Stimson. https://www.stimson.org/2022/the-karen-national-union-in-post-coup-myanmar/
- Naing. 2023. "Myanmar Diaspora in US Calling for No-Fly Zone Over Myanmar". VOA. https://www.voanews.com/a/myanmar-diaspora-in-us-calling-for-no-fly-zone-over-myanmar/6987259.html
- Maizland. 2022, "Myanmar's troubled history: coups, military rule and ethnic conflict". Council on Foreign Relations. https://www.cfr.org/backgrounder/myanmar-history-coup-military-rule-ethnic-conflict-rohingya
- M.Farmaner and I.Blazevic. 2023 "Myanmar: Why calls for a No-Fly Zone won't take off". Mizzima. https://mizzima.com/article/myanmar-why-calls-no-fly-zone-wont-take
- Macrotrends. "Myanmar Military Spending/Defense Budget 1960-2023" https://www.macrotrends.net/countries/MMR/myanmar/military-spending-defense-budget
- Myanmar Witness. 2022 "ARMS INVESTIGATION Russian YAK-130 aircraft in Myanmar" https://www.myanmarwitness.org/reports/arms-investigation-russian-yak-130-aircraft-in-myanmar
- Peck. 2022 "Witnesses: Myanmar air attack kills 13, including 7 children" . AP News. https://apnews.com/article/police-myanmar-aung-san-suu-kyi-government-and-politics-892bebcaf1d9966d4a28393e890ed371
- Reuters. 2021 "Myanmar rebel group calls for no-fly zone to protect civilians". https://www.reuters.com/world/asia-pacific/myanmar-rebel-group-calls-no-fly-zone-protect-civilians-2021-12-22/
- Scott. 2023 "How International Legal Interventions Can Help Pressure Myanmar's Military". The Diplomat. https://thediplomat.com/2023/01/how-international-legal-interventions-can-help-pressure-myanmars-military/
- Shephard. 2023 "Myanmar Air Force bolsters fleet with the commission of new aircraft" https://www.shephardmedia.com/news/air-warfare/myanmar-air-force-inducts-new-aircraft/
- South. 2011 "Myanmar's Longest War Anatomy of the Karen Conflict"
- S&D. 2022 "S&Ds call on the UN for an immediate no-fly zone in Myanmar". https://www.socialistsanddemocrats.eu/newsroom/sds-call-un-immediate-no-fly-zone-myanmar
- The Irrawaddy. 2022. "Ethnic Organizations Call For Myanmar Military No Fly Zone and Civilian Safe Areas". https://www.irrawaddy.com/news/burma/ethnic-organizations-call-for-myanmar-military-no-fly-zone-and-civilian-safe-areas.html

- The Irrawaddy.2022 "Myanmar Junta to Receive New Russian Jet Fighters". https://www.irrawaddy.com/news/burma/myanmar-junta-to-receive-new-russian-jet-fighters.html#:~:text=Russia%20has%20been%20assembling%20the,patron%20of%20Russian%20military%20hardware.
- The Irrawaddy.2022 "Myanmar Regime Buys FTC-2000G Fighter Jets From China" https://www.irrawaddy.com/news/burma/myanmar-regime-buys-ftc-2000g-fighter-jets-from-china.html
- UNCT Myanmar. 2022 "Statement by the United Nations in Myanmar on reported airstrikes in Hpakant, Kachin State". OCHA. https://reliefweb.int/report/myanmar/statement-united-nations-myanmar-reported-airstrikes-hpakant-kachin-state
- University of Tasmania. 2023 "Why has the West given billions in military aid to Ukraine, but virtually ignored Myanmar?" https://www.utas.edu.au/about/news-and-stories/articles/2023/why-has-the-west-given-billions-in-military-aid-to-ukraine,-but-virtually-ignored-myanmar
- VOA. 2022 "11 Schoolchildren Killed in Myanmar Air Strike, UNICEF Says" https://www.voanews.com/a/schoolchildren-killed-in-myanmar-air-strike-unicef-says-/6756375.html
- WDMMA. 2022 "Myanmar Air Force (2023) Current Active Inventory: 292 Aircraft". https://www.wdmma.org/myanmar-air-force.php
- Zan. 2022 "Death Toll from Myanmar Junta's Airstrike on Concert Rises to 75". The Irrawaddy. https://www.irrawaddy.com/news/burma/death-toll-from-myanmar-juntas-airstrike-on-concert-rises-to-75.html
- Zan. 2023 "Myanmar Junta Has Committed 32 Civilian Massacres Since Coup: NUG" . The Irrawaddy. https://www.irrawaddy.com/news/burma/myanmar-junta-has-committed-32-civilian-massacres-since-coup-nug.html#:~:text=Myanmar%20Junta%20Has%20Committed%2032%20Civilian%20Massacres%20Since%20Coup%3A%20NUG,-Rescue%20teams%2C%20villagers&text=Myanmar's%20military%20has%20committed%20more,National%20Unity%20Government%20(NUG).
- Zarni. 2022 "OPINION - 6 reasons US is not really supporting Myanmar's democratic resistance". AA Analysis. https://www.aa.com.tr/en/analysis/opinion-6-reasons-us-is-not-really-supporting-myanmar-s-democratic-resistance/2699374#
- 2022. " Statement regarding Myanmar junta's deliberate bombing on civilians gathering site in Kachin State". Online Burma Library. https://www.burmalibrary.org/en/statement-regarding-myanmar-juntas-deliberate-bombing-on-civilians-gathering-site-in-kachin-state